



စိတ်ကူးချိုချိုအနုပညာ

## လင်းယုန်မောင်မောင်

# ပုလဲဆိပ်ကမ်းမှ တစ်နေ့တာမှတ်တမ်း

(ဒီဇင်ဘာ ၇၊ ၁၉၄၁)

ပြန်လည်ရိုက်နှိပ်ခြင်း


mgyoe.com

လင်းယုန်မောင်မောင်

# ပုလဲဆိပ်ကမ်းမှ

## တစ်နေ့တာမှတ်တမ်း (ဒီဇင်ဘာ ၇၊ ၁၉၄၁)

ပုလဲဆိပ်ကမ်းတိုက်ပွဲ၏ အချိန်ကာလသည်
ထိုသို့ နှစ်နာရီကျော်မျှသာ ကြာခဲ့သော်လည်း
ဤစာအုပ်တွင် ဒီဇင်ဘာ ၆ ရက်
သန်းခေါင်အချိန် မတိုင်မီကစ၍
ဒီဇင်ဘာ ၇ ရက် ကုန်ဆုံးလွန်မြောက်ပြီး
ဒီဇင်ဘာ ၈ ရက် နေ့ နံနက်သို့ရောက်သည့်အချိန်အထိ
ပုလဲဆိပ်ကမ်းမှ တစ်နေ့တာအခြေအနေ
အဖြစ်အပျက်များကို
တစ်ခုစီ၊ တစ်ခုစီ
အသေးစိတ် မှတ်တမ်းတင်ထားပါသည်။

LYM0010
3,500.00 KS

mgyoe.com

ပုလဲဆိပ်ကမ်းမှတစ်နေ့တာမှတ်တမ်း(ဒီဇင်ဘာ၊ ၇၊ ၁၉၄၁)၊ လင်းယုန်မောင်မောင်
မျက်နှာဖုံးနှင့်အပြင်အဆင် - နိုင်ခွန်အား
စာမျက်နှာ ၂၆၆+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၆ ရောင်နီဦးစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပုလဲဆိပ်ကမ်းမှ
# တစ်နေ့တာမှတ်တမ်း
(ဒီဇင်ဘာ၊ ၇၊ ၁၉၄၁)

## လင်းယုန်မောင်မောင်

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စာရေးသူ၏ အမှာ | ၃ |
| ၂။ | ပဏာမ နိဒါန်း | ၂၅ |
| ၃။ | မဟူရာညနှင့် ပုလဲဆိပ်ကမ်း၏အလှ | ၂၇ |
| ၄။ | ဟာဝေယံသီချင်း၏ အဓိပ္ပာယ် | ၃၆ |
| ၅။ | ရှာမတွေ့သော ရေငုပ်သင်္ဘောတစ်စင်း | ၄၇ |
| ၆။ | အမြောက်သံဖြင့် တပ်လှန့်နှိုးခဲ့သူ | ၅၆ |
| ၇။ | နှစ်–လေး–ခြောက်–ရှစ် ... | ၆၅ |
| ၈။ | တိုရာ ... တိုရာ ... တိုရာ | ၇၉ |
| ၉။ | ဗုံးသံ၊ သေနတ်သံကြားမှ ဘင်ခရာသံ | ၈၈ |
| ၁၀။ | စက္ကန့်ပိုင်းအတွင်း လူ ၁၀၀၀ ကျော် သေဆုံးခြင်း | ၁၀၉ |
| ၁၁။ | သက်တံ့ရောင်စုံအောက်မှ ပေါက်ကွဲမှုများ | ၁၂၅ |
| ၁၂။ | အရေးထဲ အရာပေါ်ခဲ့ကြသူများ | ၁၃၅ |
| ၁၃။ | နီဗားဒါး၏ ဇာတ်သိမ်းခန်း | ၁၅၀ |
| ၁၄။ | မှားတဲ့အခါလည်း မှားပေမပေါ့ | ၁၆၉ |
| ၁၅။ | ဒေါပွခဲ့ရသော သောတရှင်တစ်ဦး | ၁၈၈ |
| ၁၆။ | နောက်ကျနေသော ကြေးနန်းစာတစ်စောင် | ၂၀၁ |
| ၁၇။ | ယာမာမိုတို၏ ကြိုတင်တွက်ဆချက် | ၂၁၉ |
| ၁၈။ | သမ္မတကြီးကို ဘာပြောမလို့လဲ | ၂၂၉ |
| ၁၉။ | မဆုံးနိုင်သည့် ကောလာဟလသတင်းများ | ၂၄၁ |
| ၂၀။ | အရှက်ကွဲခဲ့ရသော နေ့တစ်နေ့ | ၂၅၁ |
| ၂၁။ | ပုလဲဆိပ်ကမ်းမှ တစ်နေ့တာမှတ်တမ်း | ၂၆၃ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## စာရေးသူ၏ အမှာ

ဤစာအုပ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ပုလဲဆိပ်ကမ်းရှိ အမေရိကန်ရေတပ်စခန်းအား ဂျပန်တို့က အလစ်ဝင်ရောက် ဗုံးကြဲတိုက်ခိုက်ခဲ့သည့် အဖြစ်အပျက်များကို ပြန်လည်ဖော်ထုတ် တင်ပြထားခြင်း ဖြစ်ပါသည်။

ပုလဲဆိပ်ကမ်းမှ တစ်နေ့တာမှတ်တမ်း ဟူသော အမည်အတိုင်း ပစိဖိတ်သမုဒ္ဒရာအတွင်း ဟာဝေယံကျွန်းစုတွင် အပါအဝင်ဖြစ်သော ဖို့ဒ်ကျွန်းပေါ်ရှိ အမေရိကန်ရေတပ်စခန်းကြီးအား ဂျပန်လေယာဉ်များက မမျှော်လင့်ဘဲ ရုတ်တရက် အလစ်ဝင်ရောက်ကာ တို့ပီဒိုများ၊ စက်သေနတ်များ၊ ဗုံးများဖြင့် ကြဲချပစ်ခတ်တိုက်ခိုက်ခဲ့ကြသော ၁၉၄၁၊ ဒီဇင်ဘာ ၇ ရက်နေ့က ဖြစ်ခဲ့ပျက်ခဲ့သမျှတို့ကို နာရီပိုင်း၊ မိနစ်ပိုင်းအလိုက် အသေးစိတ်မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။အထူးသဖြင့် ထိုအချိန်၊ ထိုအခါ(၁၉၄၁၊ ဒီဇင်ဘာ)က ဥရောပတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေသည်မှာ ၂ နှစ်ကျော်မျှ (ဂျာမနီက ဆိုဗီယက်ယူနီယံကို ဝင်ရောက် တိုက်ခိုက်ခဲ့သည်မှာ ၅ လကျော်မျှ) ကြာခဲ့ပြီဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စုသည် စစ်ကြီးအတွင်းသို့ လုံးဝပါဝင်ခြင်း မရှိသေးဘဲ 'တသီးတခြား' ရှိနေသေးသည့်အချိန်ပင်

mgyoe.com

mgyoe.com


ဖြစ်ပါသည်။

ထိုအချိန်မှာပင် ဂျပန်တို့သည် စစ်ကြေညာခြင်းလည်း မရှိ၊ တစ်စုံတစ်ရာ ရာဇသံပေးခြင်းလည်း မပြုဘဲ ပုလဲဆိပ်ကမ်းမှ အမေရိကန်ရေတပ်စခန်းကြီးအား အလစ်ဝင်ရောက် တိုက်ခိုက်ခဲ့ကြရာ လုံးဝကြိုတင်ပြင်ဆင်မှုမရှိဘဲ ဖြစ်နေသော အမေရိကန်တို့မှာ ရုတ်တရက် အငိုက်မိကာ မရှုမလှခံခဲ့ကြရပါသည်။ တစ်ဖန်ထိုသို့ ဂျပန်တို့ အလစ်ဝင်ရောက် ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည့် ဒီဇင်ဘာ ၇ ရက်နေ့သည် တနင်္ဂနွေနေ့ အားလပ်ရက် ဖြစ်သည့်အလျောက် ပုလဲဆိပ်ကမ်း၌ အမေရိကန် ကြည်း၊ ရေ၊ လေ တပ်သားများမှာ လွန်ခဲ့သည့် (စနေနေ့) ညက အပျော်လွန်၍ ကိုယ့်တပ်၊ ကိုယ့်စခန်း၊ ကိုယ့်သင်္ဘောရှိရာသို့ ပြန်မရောက်ဘဲ ဖြစ်နေကြသူများ၊ နံနက်စောစောမထနိုင်ဘဲ အိပ်မောကျနေကြသူများဖြင့် အဘက်ဘက်က ပေါ့ပေါ့ဆဆ၊ အေးအေးဆေးဆေး ဖြစ်နေခဲ့ကြရာ မမျှော်လင့်ဘဲ အလစ်ဝင်ရောက် တိုက်ခိုက်လာကြသော ဂျပန်တို့အား ပထမပိုင်းတွင် လုံးဝပြန်လည်ခုခံခြင်း မပြုနိုင်ဘဲ ခေါင်းငုံ့၍ အလူးအလဲ ခံခဲ့ကြရပါသည်။

အမှန်စင်စစ် ပုလဲဆိပ်ကမ်းကို ဂျပန်လေယာဉ်များနှင့် ရေငုပ်သင်္ဘောများ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည့် တိုက်ပွဲမှာ အချိန်အားဖြင့် နှစ်နာရီကျော်မျှ (နံနက် ၇ နာရီ ၅၅ မိနစ်မှ နံနက် ၁၀ နာရီ ၁၀ မိနစ်အထိ) သာ ကြာခဲ့ပါသည်။ ဤ နှစ်နာရီသာသာမျှ အချိန်ကလေးအတွင်း လူပေါင်း ၂၀၀၀ ကျော် သေဆုံး၍ လူပေါင်း ၁၀၀၀ ကျော် ဒဏ်ရာရခဲ့ကြပြီး အရီဇိုးနား၊ အိုကလာဟိုးမား၊ ကယ်လီဖိုးနီးယား၊ ဝက်စ်ဗာဂျီးနီးယား စသည့် စစ် သင်္ဘောကြီးများ ထိမှန်ပေါက်ကွဲ နစ်မြုပ်ကာ လေယာဉ်အစင်းပေါင်း ၃၀၀ ကျော် မီးလောင်ပျက်စီးခဲ့ရပါသည်။ (ပုလဲဆိပ်ကမ်းတိုက်ပွဲမှ နစ်ဖက်ကျဆုံး ထိခိုက်ပျက်စီးသည့် စာရင်းကို နောက်ဆုံးအခန်းတွင် အသေးစိတ်ဖော်ပြထားပါသည်။)

ပုလဲဆိပ်ကမ်းတိုက်ပွဲ၏ အချိန်ကာလသည် ထိုသို့နှစ်နာရီကျော်မျှသာ ကြာခဲ့သော်လည်း ဤစာအုပ်တွင် ဒီဇင်ဘာ ၆ ရက် သန်းခေါင်အချိန်မတိုင်မီက စ၍ ဒီဇင်ဘာ ၇ ရက် ကုန်ဆုံးလွန်မြောက်ပြီး ဒီဇင်ဘာ ၈ ရက်

mgyoe.com

နေ့ နံနက်သို့ရောက်သည့်အချိန်အထိ ပုလဲဆိပ်ကမ်းမှ တစ်နေ့တာ အခြေအနေ အဖြစ်အပျက်များကို တစ်ခုစီ၊ တစ်ခုစီ အသေးစိတ် မှတ်တမ်းတင်ထားပါသည်။

ချစ်ခင်စွာသော စာဖတ်သူများအား တစ်ခုအစီရင်ခံလိုသည်မှာ ဤစာအုပ်ကို ရေးသားပြုစုရာ၌ ကျွန်တော် လက်လှမ်းမီသမျှ စာအုပ်စာတမ်းများမှ အချက်အလက် အကိုးအကားများကို ထုတ်နုတ်စုပေါင်း တင်ပြထားသည် မှန်သော်လည်း အဓိကအားဖြင့် ၁၉၇၁ ခုနှစ်က ထုတ်ဝေခဲ့သော စာရေးဆရာ Walter Lord ၏ **DAY OF INFAMY** စာအုပ်ကို အခြေခံ၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ Walter Lord သည် ထိုစာအုပ်ကို ရေးသားပြုစုရာ၌ ခရီးမိုင်ပေါင်း ၁၄၀၀၀ ကျော် လှည့်လည်သွားလာကာ ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် ပတ်သက်သည့် အမေရိကန်နှင့် ဂျပန်အမျိုးသားပေါင်း ၆၀၀ ကျော်ကို ကိုယ်တိုင်တွေ့ဆုံမေးမြန်း၍ သတင်းစာများနှင့် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည့် စာရွက်စာတမ်းပေါင်း မြောက်မြားစွာတို့ကို ကိုးကားရေးသားခဲ့သည်ဟု သိရပါသည်။ သို့ဖြစ်၍လည်း ဤစာအုပ်တွင် ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် ပတ်သက်၍ သမိုင်းကြောင်းအရ သိကောင်းစရာ အချက်အလက်များသာမက ပုလဲဆိပ်ကမ်းရှိ အမေရိကန် ဗိုလ်ချုပ်ကြီးများနှင့် တပ်သားများ၏ ပင်ကိုစရိုက်နှင့် အပြုအမူများကိုပါ တစ်ဦးစီ တစ်ယောက်စီ အသေးစိတ်ခြယ်မှုန်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ပုလဲဆိပ်ကမ်းကို အလစ်ဝင်ရောက်တိုက်ခိုက်ရန် မိုင်ပေါင်းများစွာ အပြောကျယ်လှသည့် ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်ကျော်၍ တိတ်တဆိတ် လျှို့ဝှက်စွာ ချီတက်လာခဲ့ကြသော ဂျပန်ရေတပ်ကြီးမှ ရေကြောင်းဗိုလ်ချုပ်ကြီးများနှင့်တကွ ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြသော ဂျပန်လေသူရဲများ၏ စိတ်နေစိတ်ထားများနှင့် ပြောဆိုလှုပ်ရှားပုံများကိုလည်း တစ်ဦးချင်း၊ တစ်ယောက်ချင်း ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ဖော်ပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ကျွန်တော် ရေးသားပြုစုခဲ့ရခြင်းနှင့် ပတ်သက်၍လည်း ရိုးသားစွာ အစီရင်ခံလိုပါသေးသည်။

အမှန်စင်စစ် ပုလဲဆိပ်ကမ်းတိုက်ပွဲ အဖြစ်အပျက်မှာ အချိန်ကာလ

mgyoe.com

mgyoe.com


အားဖြင့် နှစ်ပေါင်း ၃၅ နှစ်မျှကြာခဲ့ပြီဖြစ်သည့်ပြင် ထိုစဉ်က ဂျပန်တို့၏ အလစ်ဝင်ရောက် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပုလဲဆိပ်ကမ်းမှ အမေရိကန် ရေတပ်ကြီး မည်သို့မည်ပုံပျက်စီးခဲ့ရသည်များကို မြန်မာစာနယ်ဇင်းများတွင် သတင်းဆောင်းပါးများ၊ မှတ်တမ်းများ ကြိမ်ဖန်များစွာ ပါရှိခဲ့ပြီးဖြစ်၍ လူ တိုင်းလိုလို အနည်းနှင့်အများ ဖတ်ဖူး၊ ကြားဖူးရှိနေကြပြီးဖြစ်ပါသည်။ တစ် ဖန်လွန်ခဲ့သည် သုံးနှစ်ခန့်က ပြသသွားခဲ့သည့် TORA, TORA, TORA, ရုပ်ရှင်ဇာတ်ကားကို ကြည့်ရခြင်းအားဖြင့်လည်း ပုလဲဆိပ်ကမ်းတိုက်ပွဲ အကြောင်း အတော်အတန် သိနေကြပြီး ဖြစ်ပါသည်။

သို့သော် ကျွန်တော် သိမိသလောက်ဆိုပါက ပုလဲဆိပ်ကမ်းတိုက် ပွဲနှင့်ပတ်သက်၍ (အထက်ဖော်ပြပါ သတင်းဆောင်းပါးမှတ်တမ်းအတို အထွာများမှ လွဲ၍) မြန်မာဘာသာဖြင့် 'စာတစ်စောင် ပေတစ်အုပ်' ဆိုသလို သီးသန့်စာအုပ်တစ်အုပ်အဖြစ် အပြည့်အဝ ပီပီသသ ရေးသားခဲ့ဖူးခြင်း မရှိ သေးဟူ၍ ယူဆပါသည်။

ဤအချက်ကို အကြောင်းပြု၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှတစ်ခုလုံး၏ ကံကြမ္မာကို ဆုံးဖြတ်ဖန်တီးခဲ့သော (ဝါ) အရှေ့အာရှတစ်ခုလုံးကို ဒုတိယကမ္ဘာစစ်ကြီး အတွင်းသို့ ဆွဲသွင်းခဲ့သော အဆိုပါ ၁၉၄၁ ၊ ဒီဇင်ဘာ ၇ ရက်နေ့က ပုလဲ ဆိပ်ကမ်းမှ အဖြစ်အပျက်အလုံးစုံကို မြန်မာစာဖတ်ပရိသတ်များအတွက် ယခုကဲ့သို့ အပြည့်အစုံ တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

တစ်ဖန် ဤစာအုပ်တွင် ဖော်ပြပါရှိသည့် ပုလဲဆိပ်ကမ်းမှ တစ်နေ့ တာ ဖြစ်ရပ်များအရ အထက်ဖော်ပြပါ ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းအစဉ် အဆက်ကို လေ့လာနိုင်ရုံမျှမက ပုလဲဆိပ်ကမ်းတိုက်ပွဲကာလအတွင်း ကလေး၊ လူကြီး၊ မိန်းမ၊ ယောကျ်ား၊ စစ်သား၊ အရပ်သားစသည်တို့ အမျိုးမျိုး အဖုံဖုံ ပြုမူလှုပ်ရှားခဲ့ကြသည်များကို ကြည့်၍ လူ့သဘော၊ လူ့သဘာဝများ ကိုလည်း ဝေဖန်ဆန်းစစ်နိုင်ကြမည် ဖြစ်ပါသည်။ ဥပမာ ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ရန် ဂျပန်လေယာဉ်များ ရာဖြင့်ချီ၍ အုပ်လိုက်ပျံသန်းလာ နေကြသည်ကို ရေဒါအချက်ပြ ကိရိယာတွင် တွေ့မြင်ရပါလျက် 'ရန်သူ' ဟူ

mgyoe.com

mgyoe.com

၍ လုံးဝမယူဆဘဲ ပေါ့ပေါ့ဆဆနေခဲ့မိသည့် ဗိုလ်ကလေးတိုင်လာ၏ အပြု အမူသည်လည်းကောင်း၊ ပုလဲဆိပ်ကမ်းကို ဂျပန်လေယာဉ်များက တိုပီဒိုများ၊ ဗုံးများဖြင့် တအုန်းအုန်း ပစ်ခတ်ကြဲချနေကြသည့်တိုင်အောင် ရန်သူဝင်ရောက် တိုက်ခိုက်နေသည်ဟု လုံးဝမထင်ဘဲ မိမိတို့အချင်းချင်း အစမ်းတိုက်ပွဲလေ့ ကျင့်နေကြသည်ဟု မှတ်ယူခဲ့ကြသော ဗိုလ်ချုပ်၊ ဗိုလ်မှူးကြီးများ အပါအဝင် အမေရိကန် ကြည်း၊ ရေ၊ လေ တပ်သားများ၏ အဖြစ်သည်လည်းကောင်း အလွန်ပင် အသည်းယားစရာ ကောင်းလှပါသည်။

ထိုနည်းတူစွာ ဂျပန်စက်သေနတ် ကျည်ဆန်များ တဖွဲဖွဲကျနေ သည့်အကြားမှ အမေရိကန်အမျိုးသားသီချင်းကို အစအဆုံး မပြီးမချင်း တီး မှုတ်သွားခဲ့ကြသော နီဗားဒါးစစ်သင်္ဘောမှ ဘင်ခရာတီးဝိုင်းအဖွဲ့ဝင်များ၏ သတ္တိ၊ မီးဟုန်းဟုန်း တောက်လောင်၍ ရေထဲသို့ တစ်စတစ်စ ပေါက်ကွဲ နစ် မြုပ်နေဆဲမှာပင် ရန်သူဂျပန်လေယာဉ်များကို အမြောက်ဖြင့် ခုခံပစ်ခတ်ရင်း အသက်စွန့်လွှတ်သွားခဲ့ကြသည့် အရီဇိုးနားသင်္ဘောမှ သင်္ဘောသားများ၏ စိတ်ဓာတ်စသည်တို့မှာ ချီးကျူးစရာ ကောင်းလှပါသည်။ ထိုမှတစ်ဖန် ပထမ ဆုံး ဝင်ရောက်တိုက်ခိုက်ကြသော ဂျပန်လေယာဉ်များကို မိမိတို့အမေရိကန် လေယာဉ်များဟူ၍ အထင်လွဲခဲ့ရာမှ မိမိတို့ အမေရိကန်လေယာဉ်များ တကယ်ရောက်လာသည့်အခါတွင်မူ ရန်သူဂျပန်လေယာဉ်များ ဟူ၍ အထင် မှားခဲ့ပြန်သော ဗိုလ်ချုပ်ကြီးပီယေး၏ အဖြစ်သည်လည်းကောင်း၊ ဂျပန် လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရုတ်ရုတ်သဲသဲ ပြေးလွှားနေဆဲ မှာပင် သားသည်အမေတစ်ယောက်၏ မေတ္တာရပ်ခံ တောင်းပန်ချက်အရ မွေးစကလေးငယ်ကို 'ရေဖျန်းမင်္ဂလာ' ပြုလုပ်ပေးခဲ့ရသော တပ်သားကျော် အင်ဒရူး၏အဖြစ်သည် လည်းကောင်း၊ အရပ်ပုသလောက် တပ်ထဲတွင် အပျင်းထူ၍ နေရာတကာ 'ဖင်လေး' တတ်သော တပ်ကြပ် ဌျန်ရှားဝုဒ်သည် ဂျပန်တို့၏ ဗုံးဆန်စက်သေနတ် ကျည်ဆန်များအကြားမှ လူပေါင်း ၂၀၀ ခန့် ရှိသည့် လူအုပ်ကြီးနှင့်အတူ ပြေးခဲ့ရာတွင် လူပေါင်း ၁၀၀ ကျော်ကို နောက် ချန်ထားနိုင်ခဲ့သည်အထိ အပြေးသန်လှသော အဖြစ်သည်လည်းကောင်း စသည်စသည်တို့မှာ 'ငိုအားထက် ရယ်အားသန်စရာ' ကောင်းလှပါသည်။

mgyoe.com

mgyoe.com

ဤနေရာတွင် အထူးအစီရင်ခံလိုသည်မှာ ဤစာအုပ်၏ မျက်နှာဖုံးနှင့် ကျောဖုံးအတွင်းဘက်များ၌ အမေရိကန်ရေတပ်နှင့် လေတပ်စခန်းများတည်ရှိရာ အိုအာဟူကျွန်း၏ မြေပုံကြမ်းနှင့် တိုက်ပွဲဖြစ်ပွားသည့် ဒီဇင်ဘာ ၇ ရက်နေ့၊ နံနက်က ပုလဲဆိပ်ကမ်းတွင် အမေရိကန်စစ်သင်္ဘောကြီးများ ဆိုက်ကပ်ထားရှိပုံနှင့် ဂျပန်လေယာဉ်များ ဝင်ရောက်တိုက်ခိုက်ကြသည့် 'စစ်ဆင်ရေးမြေပုံ' တစ်ခုကို သီးခြားဖော်ပြထားပါသည်။ သို့ဖြစ်ရာ ဤစာအုပ်ကို ဖတ်ရှုကြရာ၌ မျက်စိထဲတွင် ကွက်ကွက်ကွင်းကွင်းဖြင့် ပိုမိုရှင်းလင်းစွာ မြင်လာစေရန် အဆိုပါ မြေပုံများကို လိုအပ်သလို အသုံးပြုကြပါရန် မေတ္တာရပ်ခံလိုပါသည်။

နိဂုံးချုပ်အားဖြင့် ဤစာအုပ်ကို ဖျာပုံမြို့သို့ သွားရောက်ရေးသားခဲ့စဉ်က ခါတိုင်းကဲ့သို့ပင် အဘက်ဘက်က ကူညီစောင့်ရှောက်ခဲ့ကြသော ဖျာပုံ ပရဟိတ ဆရာတော် ဦးဉာဏိသရာဘိဝံသနှင့် ပရဟိတအမှုဆောင် လူကြီး ဦးမြတ်ကြွယ်တို့အား လည်းကောင်း၊ လိုအပ်သမျှ ဝေယျာဝစ္စတို့ကို ဆောင်ရွက်ပေးခဲ့သော ဆရာညိုထွန်း(တောင်ကြီးကောလိပ်)အားလည်းကောင်း၊ ဤစာအုပ် ရေးသားပြုစုရာ၌ လိုအပ်သမျှ စာအုပ်စာတမ်းများနှင့် အကြံဉာဏ်များ ပေးခဲ့ကြသော ဦးလှမြိုင် (လုပ်သားပြည်သူ့နေ့စဉ် အယ်ဒီတာချုပ်) နှင့် စာရေးဆရာ မောင်သော်က (ဗိုလ်မှူးဘသော်)တို့အား လည်းကောင်း ကျေးဇူးတင်ရှိလှပါကြောင်း အစီရင်ခံအပ်ပါသည်။


အထူးသဖြင့် ကျွန်တော် နားမလည်၊ မကျွမ်းကျင်သော ရေတပ်ဆိုင်ရာ အသုံးအနှုန်း အခေါ်အဝေါ်များ (ဥပမာ ရေတပ်တွင် ဗိုလ်ကြီးကို Lieutenant၊ ဗိုလ်မှူးကို Lieutenant Commanden ဒုဗိုလ်မှူးကြီးကို Commander၊ ဗိုလ်မှူးကြီးကို Captain စသည်) နှင့် ရေကြောင်းဆိုင်ရာ ဝေါဟာရများကို ရှင်းလင်းပြောပြခဲ့သော ဆရာမောင်သော်ကအား ကျေးဇူးတင်ရှိကြောင်း အမှတ်တရဖော်ပြအပ်ပါသည်။

လင်းယုန်မောင်မောင်
၁၉၇၆၊ နိုဝင်ဘာ ၃

❑


mgyoe.com

mgyoe.com



ပုလဲဆိပ်ကမ်းရှိ အမေရိကန်ရေတပ်စခန်းကို
တိုက်ခိုက်ရန် ထွက်ခွာသွားကြသော
ဂျပန်လေယာဉ်မှူးများအား ဂျပန်ရေတပ်သားများက
ဤသို့ကြွေးကြော် နှုတ်ဆက်ခဲ့ကြ၏။

mgyoe.com



အမေရိကန်စစ်သင်္ဘောများအား တိုက်ခိုက်နှစ်မြှုပ်ရန် ပုလဲဆိပ်ကမ်းသို့
တိတ်တဆိတ် ဝင်ရောက်လာသော ဂျပန်ရေငုပ်သင်္ဘောတစ်စင်း

mgyoe.com
mgyoe.com



ပုလဲဆိပ်ကမ်း တိုက်ပွဲစလျှင်စချင်း အိုကလာဟိုးမား သင်္ဘောအား ဂျပန်လေယာဉ်တစ်စင်းက တိုပီဒိုဖြင့် ပစ်ခတ်တိုက်ခိုက်နေပုံ။

mgyoe.com


mgyoe.com



ပုလဲဆိပ်ကမ်းတွင် တန်းစီ၍
ဆိုက်ကပ်ထားသော အမေရိကန်စစ်သင်္ဘောကြီးများကို
ဂျပန်လေယာဉ်တစ်စင်းပေါ်မှ
ဤသို့တွေ့မြင်ရ၏။
(ဂျပန်တို့ထံမှ သိမ်းဆီးရရှိသည့် ဓာတ်ပုံဖြစ်သည်။)


mgyoe.com

mgyoe.com



ဂျပန်တို့သည် ပုလဲဆိပ်ကမ်းမှ
အမေရိကန်စစ်သင်္ဘောကြီးများ၏ အနေအထားကို
ဤသို့ပုံစံငယ်များဆောက်လုပ်၍
လပေါင်းများစွာ အစမ်းတိုက်ပွဲများ လေ့ကျင့်ခဲ့ကြ၏။
(မျက်နှာချင်းဆိုင်မှ ပုလဲဆိပ်ကမ်းဓာတ်ပုံ အစစ်နှင့်ယှဉ်ကြည့်ပါ။)

mgyoe.com



ပုလဲဆိပ်ကမ်းပေါ်တွင် ဂျပန်တိုက်လေယာဉ်များကို အမေရိကန် ဘီ ၁၇ လေယာဉ်တစ်စင်းပေါ်မှ ဤသို့ လှမ်းမြင်ခဲ့ရသည်။

mgyoe.com
mgyoe.com

mgyoe.com



ဟစ်ကမ်လေယာဉ်ကွင်းတွင် လွှင့်ထူထားသော
အမေရိကန်အလံမှာ ဂျပန်စက်သေနတ်မှန်၍ စုတ်ပြဲသွားခဲ့ရ၏။

mgyoe.com

mgyoe.com




ပုလဲဆိပ်ကမ်း
တိုက်ပွဲတွင်
ဂျပန်လေယာဉ်များကို
ခေါင်းဆောင်ခဲ့သော
ဂျပန်လေသူရဲ
ဖူချီဒါ။




ပုလဲဆိပ်ကမ်း
တိုက်ပွဲသတင်းကို
ပထမဆုံး ကြေညာခဲ့သော
အမေရိကန်
ရေတပ်ဗိုလ်မှူး ရမ္မဆေး။

mgyoe.com



အရီဇိုးနားသင်္ဘောကြီးမှာ ဂျပန်တို့၏ ဗုံးဒဏ်ကို 'ဒါရိုက်ဟစ်' ခံလိုက်ရ၍ ဤသို့ မီးလောင်ပေါက်ကွဲခဲ့ရ၏။


mgyoe.com




ဂျပန် တိုပီဒိုလက်ချက်ဖြင့် တုံးလုံးလဲကာ နစ်မြုပ်ခဲ့ရသော အူတာသင်္ဘော။

mgyoe.com
mgyoe.com

mgyoe.com




USS Arizona (above) cruising Pacific waters before the war and (below) on the morning of the attack.



စစ်ကြီးမဖြစ်မီ ပစိဖိတ်သမုဒ္ဒရာအတွင်း ထည်ဝါခန့်ညားစွာ
ခုတ်မောင်းသွားလာနေခဲ့သော အရီဇိုးနားသင်္ဘောကြီး
(အပေါ်ပုံ) မှာ ပုလဲဆိပ်ကမ်းတွင် ဂျပန်တို့လက်ချက်ဖြင့်
မရှုမလှ မီးလောင်ပျက်စီးခဲ့ရ၏။ (အောက်ပုံ)

mgyoe.com




ဂျပန်တို့ တိုက်ခိုက်ပစ်ခတ်နေသည့်ကြားမှ နီဗားဒါးသင်္ဘောသည် ပုလဲဆိပ်ကမ်းတူးမြောင်းမှ ဤသို့ ခုတ်မောင်းထွက်ပြေးခဲ့ရ၏။

mgyoe.com
mgyoe.com




ဒုတိယအသုတ် ဝင်ရောက်တိုက်ခိုက်လာကြသော ဂျပန်လေယာဉ်များအား မြေပြင်မှ အမြောက်များဖြင့် တရစပ် ပစ်ခတ်ခုခံခဲ့ကြ၏။

mgyoe.com
mgyoe.com




ဂျပန်တို့လက်ချက်ဖြင့် ရှောသင်္ဘော ထိမှန်ပေါက်ကွဲသွားသည်မှာ လွတ်လပ်ရေးနေ့ မီးရှူးမီးပန်းများ လွှတ်နေသည့်ပမာ ....

mgyoe.com
mgyoe.com



တိုပီဒိုထိမှန်၍ ဘေးစောင်းလဲကျ နစ်မြုပ်သွားသော အိုကလာဟိုးမားသင်္ဘောအတွင်း၌ ပိတ်လှောင်မိနေကြသူများအား သင်္ဘောဝမ်းဗိုက်ကို ဖြတ်တောက်၍ ကယ်ဆယ်နေကြစဉ်။

mgyoe.com
mgyoe.com



အရီဇိုးနား သင်္ဘောကြီး မီးလောင်ပေါက်ကွဲ၍ ပျက်စီးနစ်မြုပ်ခဲ့ရာ လူပေါင်း ၁၁၀၂ ယောက် အသက်ဆုံးရှုံးခဲ့ရ၏။

mgyoe.com
mgyoe.com

mgyoe.com

## ပဏာမ နိဒါန်း

ဤအဖြစ်အပျက်မှာ ၁၉၄၁၊ ဒီဇင်ဘာ ၇ က ဖြစ်ပွားခဲ့ခြင်းဖြစ်၏။

အမေရိကန် ပြည်ထောင်စုကြီး၏ တစ်စိတ်တစ်ဒေသမှ ပြည်သူများသည် နယူးယောက်မြို့တော် ပိုလိုကွင်းကြီးတွင် ကျင်းပနေသည့် ဘောလုံးပွဲသတင်းကို နားထောင်နေခိုက် ဤအဖြစ်အပျက်ကို ကြားလိုက်ကြရ၏။ ဘရွတ်ကလင်းအသင်းမှ ကန်ထုတ်လိုက်သော ဘောလုံးကို ဝါ့ဒ်ကပ်ဖ်အသင်းမှ ၂၇ ကိုက်ရှည်လျားသော စည်းအတွင်းသို့ ပြန်၍ ကန်သွင်းလိုက်စဉ်မှာပင် မွန်းလွဲ ၂ နာရီ ၂၆ မိနစ် တိတိ၌ ဒဗလျူအိုအာရ် အသံလွှင့်ဌာနမှ ဤသတင်းကို မမျှော်လင့်ဘဲ ကြားဖြတ်၍ ကြေညာလိုက်လေသည်။

"ဂျပန်တို့ ပုလဲဆိပ်ကမ်းကို ဝင်တိုက်ပြီ ..."

အမေရိကန်ပြည်ထောင်စုကြီး၏ အခြားတစ်နေရာမှ ပြည်သူများမှာမူ ဤသတင်းကို နောက်နာရီဝက်ကြာမှ ကြားကြရ၏။ ထိုအချိန်မှာ ကာနဂ္ဂီခန်းမဆောင်တွင် နယူးယောက် ဂီတပဒေသာပွဲမှ တေးဂီတများကို ဖမ်းယူနားဆင်နေခိုက် ဖြစ်၏။ ရှော့ဇင်စကီး၏ တီးဝိုင်းမှ ဂီတပညာရှင်များသည် ရှိုစတာကိုးဗစ်၏ သံစုံတေးဂီတ အမှတ်စဉ်တစ်ကို စတင်တီးမှုတ်ကြ

mgyoe.com

mgyoe.com

တော့မည့်ဆဲဆဲ စိဘီအက်စ် အသံလွှင့်ဌာနသည် စောစောပိုင်းက ထုတ်ပြန်ခဲ့သော တိုက်ပွဲသတင်းကို ထပ်ဆင့်ကြေညာသွားခဲ့သည်။

ယင်းဂီတ ပဒေသာပွဲသို့ ကိုယ်တိုင်သွားရောက် နားဆင်ခဲ့ကြသူများမှာမူ ပွဲအပြီးအစီအစဉ်ကြေညာသူ ဝါရင်းဆွိနေးကပြောပြမှ ဤသတင်းကို အတော်ကြီးနောက်ကျပြီး သိကြရ၏။ ထို့နောက် ဝါရင်းဆွိနေးက "ကြယ်ပွင့်များ တလက်လက် တောက်ပနေသော အောင်လံတော်" (The Star Spangled Banner) သီချင်းကို ပရိသတ်အားလုံး ဝိုင်းဆိုကြရန် 'တိုင်' ပေးလေသည်။

ဤသီချင်းကို ဤဂီတ ပဒေသာပွဲအစတွင် တီးမှုတ်ခဲ့ပြီး ဖြစ်၏။ သို့သော် ထိုစဉ်က ရွှေပွဲလာပရိသတ်များသည် ထိုသီချင်းကို လိုက်မဆိုကြဘဲ 'ညည်း' ရုံသာ 'ညည်း' ခဲ့ကြ၏။ ယခု တစ်ကြိမ်တွင်မူ သူတို့အားလုံးသည် သီချင်းစာသားများကို ပီပီသသကြီး လိုက်ဆိုနေကြပေပြီ။

သို့ဖြင့် ဤသတင်းကို အခြားပုဂ္ဂိုလ်များလည်း တခြားတစ်နည်းနည်းဖြင့် ကြားခဲ့ကြရ၏။

မည်သည့်နည်းဖြင့် မည်သို့ပင် ကြားခဲ့ကြရသည် ဖြစ်စေ ထိုနေ့ထိုရက်သည် သူတို့အတွက် မမေ့ရက်နိုင်သော နေ့တစ်နေ့ပင်ဖြစ်၏။ ထိုစဉ်ထိုအခါက အသက် ထင်ရှားရှိခဲ့ကြသော အမေရိကန် အမျိုးသားမှန်သမျှ ထိုသတင်းကို သူပထမဆုံး မည်သို့မည်ပုံကြားခဲ့ရသည်ကို ကောင်းကောင်းကြီး ပြန်ပြောနိုင်သည်သာ ဖြစ်၏။ ထိုစဉ်က ဖြစ်ပျက်ခဲ့သမျှ စိတ်ထဲတွင် ပြန်ပြောင်းစဉ်းစားလိုက်ပါက ဂဃနဏ မှတ်မိနေကြ၏။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်ထိုအခါက ဟာဝေယံကျွန်းတွင် ဖြစ်ပွားနေသော ဖြစ်ရပ်များကြောင့် သူ့ဘဝသည် မည်မျှလောက်ပြောင်းလဲလာလိမ့်မည်ကို သူကောင်းကောင်းကြီး သိနေသောကြောင့်ပင် ဖြစ်သည်။

**အောက်ပါတို့မှာ ထိုစဉ်က ပုလဲဆိပ်ကမ်းမှ တစ်နေ့တာမှတ်တမ်း ပင်တည်း။**

❑

mgyoe.com

mgyoe.com

# မဟူရာညနှင့် ပုလဲဆိပ်ကမ်း၏ အလှ
## (ညသန်းခေါင် မတိုင်မီ)

တပ်မတော်မှ သူနာပြုဆရာမကလေး မော်နီကာနှင့် ကမ်းစောင့်အမြောက်တပ်မှ ဒုဗိုလ်ကလေး ဘာနေးတို့သည် ပုလဲဆိပ်ကမ်းအရာရှိကလပ်မှ နှစ်ယောက်သား အတူတွဲ၍ ထွက်လာကြသည်။ ပျဉ်းကတိုးပင်များအနီးရှိ လမ်းကြားကလေးအတိုင်း အောက်ဘက်သို့ လျှောက်လာခဲ့ကြရာ ကလပ်ရေဆိပ်သို့ ရောက်လာကြသည်။ သူတို့နှစ်ယောက်သည် ထိုနေရာတွင် ခေတ္တရပ်၍ ကျောက်ချထားသော စစ်သင်္ဘောကြီးများဆီသို့ ရေတပ်သားများအား ခေါက်တုံ့ခေါက်ပြန် သယ်ယူပို့ဆောင်ပေးနေသည့် မော်တော်ဘုတ်ကလေးများကို စောင့်ကြည့်နေမိကြသည်။

သူတို့နှစ်ယောက်မှာ စေ့စပ်ကြောင်းလမ်းထားပြီးဖြစ်၍ အမြန်နှင့်အနှေး လက်ထပ်ရန်အရေးမှာ အစစအရာရာ ဖြောင့်ဖြူးသာယာနေပြီ ဖြစ်သည်။

စက်ရုံအလုပ်ရုံကြီးများ၊ အားကောင်းမောင်းသန်လှသည့် ရေမဝန်ချီကရိန်းစက်ကြီးများနှင့်တကွ အမေရိကန်ရေတပ်မတော်၏ ကြီးမားလှသော ဟာဝေယံအခြေစိုက်စခန်းမှ အရာဝတ္ထုပစ္စည်း ကြီး၊ ငယ်၊ အသွယ်သွယ်တို့ကို ည၏တိတ်ဆိတ်မှုက ဖုံးကွယ်ပေးထားလျက် ရှိနေသည်။ နေ့

mgyoe.com

mgyoe.com

လယ်နေ့ခင်း၏ ဆူညံသော အသံဗလံများလည်း လုံးဝ မရှိတော့။ အလှအပ များသာ ကျန်တော့သည်။ ငွေလရောင် ကလပ်ရှိရာမှ ပျံ့လွင့်လာသော နွဲ့နှောင်းငြိမ့်ညောင်းလှသည့် ဂီတသံ၊ ပုလဲဆိပ်ကမ်းတစ်ခုလုံးကို လွှမ်းခြုံ ဖြန့်ကြက်ထားသော ပစိဖိတ်ရေတပ်ကြီး၏ တလက်လက် တောက်ပနေသည့် မီးရောင်များ ... ဤအလှအပများသာ ကျန်တော့သည်။

တကယ်ဆိုတော့ ယနေ့ညအဖို့ရာ၌ ခါတိုင်းညများထက် ပို၍ပင် မီးရောင်တွေ များနေသေးသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့် ဇူလိုင် ၄ ရက် (အမေရိကန် လွတ်လပ်ရေးနေ့) နောက်ပိုင်း သီတင်းတစ်ပတ် ကုန်ဆုံးခဲ့သည့်နေ့များအနက် ယနေ့သည် ပုလဲဆိပ်ကမ်း၌ စစ်သင်္ဘောများ ပထမဆုံးအကြိမ် စုပြုံ၍ အစုံအညီ ဆိုက်ကပ်ထားသည့်နေ့ပင် ဖြစ်သော ကြောင့်ပင်တည်း။

ပုံမှန်အတိုင်းဆိုလျှင် စစ်သင်္ဘောများသည် အလှည့်ကျအဝင် အထွက်ရှိရစမြဲ ဖြစ်သည်။ ဥပမာ ရေကြောင်း ဗိုလ်ချုပ်ကြီးပီယေးနှင့်အတူ စစ်သင်္ဘော ၆ စင်းသည် တိုက်ခိုက်ရေးတပ်ဖွဲ့အဖြစ် ခရီးထွက်လျှင်လည်း ထွက်ရမည်။ သို့မဟုတ် ရေကြောင်း ဗိုလ်ချုပ်ကြီး ဟက်စ်လေသည် လေယာဉ်တင်သင်္ဘော ၃ စင်းကို ဦးဆောင်၍ တိုက်ခိုက်ရေးတပ်ဖွဲ့အဖြစ် ခရီး ထွက်လျှင်လည်း ထွက်ရမည်။ ယင်းသို့ အလှည့်ကျ ဝင်ကြ၊ ထွက်ကြရသည်။

ယခုရက်ပိုင်းမှာ ဗိုလ်ချုပ်ကြီး ပီယေး၏ စစ်သင်္ဘောများ ဆိပ်ကမ်း တွင် ရှိနေကြသည်ဖြစ်၍ ဗိုလ်ချုပ်ကြီး ဟက်စ်လေ၏သင်္ဘောများ အပြင် သို့ ခရီးထွက်ရမည့် အလှည့်ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်ကြီး ဟက်စ်လေ မှာ အထူးတာဝန်တစ်ရပ်ဖြင့် တစ်နေရာသို့ ရောက်နေသည်ဖြစ်ရာ သူ၏ စစ်သင်္ဘောများကို ပုလဲဆိပ်ကမ်းတွင် ဆိုက်ကပ်ထားခဲ့ရသည်။

ဝါရှင်တန်မြို့တော်မှ လျှို့ဝှက်သော 'စစ်ရေးသတိပေးချက်' ကို လက်ခံရရှိခဲ့ပြီး ဖြစ်သည်။ ယင်းသတိပေးချက်တွင် ဂျပန်သည် 'ဖိလစ်ပိုင်၊ ထိုင်း သို့မဟုတ် ကရာကျွန်းဆွယ် သို့မဟုတ် တိုညိုကျွန်း' စသည်များ ကို တိုက်ခိုက်လိမ့်မည်ဟု မျှော်လင့်ရကြောင်း ပါရှိသည်။ သို့ဖြစ်ရာ စစ် သင်္ဘောကြီး အင်တာပရိုက်စ်သည် ကမ်းတက်တိုက်ခိုက်ရေး တပ်သားများ

mgyoe.com

mgyoe.com


ကို တင်ဆောင်ကာ ဝိတ်ကျွန်းဘက်ဆီသို့ စစ်အင်အား ဖြည့်တင်းရန် ထွက်ခွာသွားပြီဖြစ်သည်။ အမှန်စင်စစ် စစ်သင်္ဘောကြီးများ ပါဝင်ခြင်းသည် တိုက်ခိုက်ရေး ရေတပ်တစ်ခုလုံး၏ ချီတက်နှုန်းကို ရေမိုင် ၃၀ မှ ၁၇ မိုင်အထိ နှေးကွေးစေသည်။ ထိုမှတစ်ပါး လေယာဉ်တင် သင်္ဘောကြီးများ၏ အကူအညီ အကာအကွယ်မပါဘဲ စစ်သင်္ဘောကြီးများ သက်သက်ဖြင့် တိုက်ခိုက်ခြင်းသည်လည်း လွန်စွာ အထိနာတတ်သည်။ ယခုဆိုလျှင် တစ်စင်းတည်းသာလျှင် ရှိနေသော လေယာဉ်တင်သင်္ဘောကြီး လက္ကဇိကွန်မှာလည်း မစ်ဒ်ဝေးကျွန်းသို့ စစ်လေယာဉ်များကို သွားရောက် ပို့ဆောင်နေခိုက်ဖြစ်ရာ စစ်သင်္ဘောအားလုံးမှာ လုံခြုံစိတ်ချရသည့် ပုလဲဆိပ်ကမ်းတွင် စုပြုံရောက်ရှိနေကြတော့သည်။

ထိုသို့ စစ်သင်္ဘောကြီးများ ဆိပ်ကမ်းတွင် စုပြုံဆိုက်ကပ်ထားကြသဖြင့်လည်း အရာရှိကလပ်မှာ ခါတိုင်းထက်ပို၍ စည်စည်ကားကားဖြင့် ပျော်စရာ ကောင်းနေတော့သည်။

မော်နီကာနှင့် ဘာနေးတို့စုံတွဲသည် ကလပ်သို့ ပြန်လာကြပြီး အပေါင်းအသင်း ရောင်းရင်းများနှင့် တစ်ဝိုင်း ပြန်ထိုင်ကြပြန်သည်။ သူတို့ဝိုင်းထဲမှ တစ်ယောက်က ဗိုလ်ကလေး ဆစ်လ်ဗက်စတာကို လှမ်းခေါ်ရန် အကြံပေးသည်။ မှတ်မှတ်ရရ ယနေ့ညတွင်မှ ဗိုလ်ကလေး ဆစ်လ်ဗက်စတာသည် ဟိုနိုလူလူမြို့တော်၏ အောက်ပိုင်း ၈ မိုင်ခန့်ဝေးသည့် တစ်နေရာတွင် ညစာစားနေသည်။

မော်နီကာက ဆစ်လ်ဗက်စတာကို လှမ်းခေါ်ရင်း အပေါင်းအသင်း ရောင်းရင်းများကို ပစ်ထားခဲ့ပြီး ယခုလို တစ်ယောက်တည်း သွားရကောင်းလားဟူ၍ တယ်လီဖုန်းထဲမှ အပြစ်တင်သံဖြင့် လှမ်းနောက်သည်။ ဤသည်မှာ ညဉ့်နက်လာပြီဆိုလျှင် ခပ်ထွေထွေဖြင့် လူငယ်အချင်းချင်း တစ်နေရာမှ တစ်နေရာသို့ မကြာခဏလှမ်း၍ ပြောင်နေကျ၊ နောက်နေကျပင် ဖြစ်သည်။ သို့သော် ယခုတစ်ကြိမ် နောက်လိုက် ပြောင်လိုက်မိသည်မှာ အမှတ်တရပင်ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ညသည် ဗိုလ်ကလေး ဆစ်လ်ဗက်စတာအတွက် နောက်ဆုံးညပင် ဖြစ်သောကြောင့်တည်း။

mgyoe.com

mgyoe.com

မော်နီကာသည် ဖုန်းပြောပြီးနောက် အကဝိုင်းရှိရာသို့ ပြန်လာပြီး ဝင်ကသည်။ အကမှာ ဒပ်ချ်အမျိုးသားများ၏ ရိုးရာအကတစ်မျိုးဖြစ်၍ အားလုံးဝိုင်း၍ ကကြရသည်။ ဤကပွဲနှင့်အတူ အရာရှိကြီး ငယ်များက သူတို့မိတ်ဆွေများကို ဖိတ်ကြား၍ ဧည့်ခံသည့် သီးသန့်ပါတီကလေးများဖြင့် ကလပ်တစ်ခုလုံးမှာ စည်ကားလျက်ရှိနေသည်။

"ဗိုလ်မှူးကြီး မောင်ဂိုမာရီနှင့် ဇနီးတို့က ပုလဲဆိပ်ကမ်းအရာရှိ ကလပ်တွင် ဧည့်ခံပွဲကျင်းပသည် ..."

"ရေတပ်ဗိုလ်မှူး မစ္စတာဟာရိုးလ်နှင့် ဇနီးတို့က ပုလဲဆိပ်ကမ်းအရာရှိ ကလပ်တွင် ညစာစားပွဲ ပြုလုပ်သည်"။

ဟိုနိုလူလူမြို့မှ တနင်္ဂနွေနေ့ထုတ် 'အက်ဒ်ဗာတိုက်ဇား' သတင်းစာတိုက်မှ ကြော်ငြာတာဝန်ခံသည် နောက်တစ်နေ့ နံနက်တွင် ထွက်မည့် သတင်းစာမှ လူမှုရေး စာမျက်နှာကော်လံတွင် ဖော်ပြရန် အထက်ပါသတင်းများကို တချောက်ချောက်ဖြင့် စာစီလျက်ရှိသည်။

သည်ညမှာ တကယ်ပျော်စရာကောင်းသည်။ သို့သော် အပျော်ကျူးပြီး မူးမူးရူးရူး ဖြစ်စရာမရှိ၊ အရက်ဘားမှာ ည ၁၂ နာရီတိတိတွင် ပိတ်စမြဲဖြစ်သည်။ ဘင်ခရာတီးဝိုင်းအဖွဲ့မှ တီးမှုတ်သံများမှာလည်း တိုးတိုးသက်သာဖြင့် ပို၍ညင်သာလာသည်။ ဤတီးဝိုင်း၏ အသည်းစွဲ 'ချိုပြုံးကလေး လိုင်လာနီ' အမည်ရှိသော ဤတေးသွားကို တီးမှုတ်လာခဲ့ကြသည်မှာ နှစ်ပေါင်းလေးဆယ်ကျော်မျှပင် ကြာခဲ့ပြီဖြစ်သည်။ ဤနေရာ၊ ဤဒေသကိုယ်၌က သမားရိုးကျ သိသာထင်ရှားလှသည့် နေရာဖြစ်သည်။ အဆောက်အဦမှာ သုံးထပ်သားများဖြင့် ဆောက်လုပ်၍ သားရေတုများဖြင့် မွမ်းမံကာ ခေတ်မဆန်ဘဲ ရှေးပုံစံ၊ ရှေးဟန်အတိုင်းပင်ဖြစ်ရာ တခြားတခြားသော အရာရှိကလပ်များနှင့် 'ထူးမခြားနား' တစ်မျိုးတစ်စားတည်းပင် ဖြစ်နေသည်။

သို့သော် ဤကလပ်မှာ ဈေးသက်သာသည်။ ထမင်းတစ်ပွဲမှ တစ်ဒေါ်လာသာ ပေးရသည်။ ပြီးတော့ ဖော်ရွေမှုလည်း ရှိသည်။ ဤကလပ်များကြောင့် ထိုနေ့ထိုရက် (၁၉၄၁၊ ဒီဇင်ဘာ ၆) ကဆိုလျှင် ရေတပ်အမှုထမ်း

မှန်သမျှ အားလုံးတစ်ယောက်ကို တစ်ယောက် မသိသူမရှိသလောက်ဟူ၍ပင် ထင်မှတ်ရသည်။

ဤနေရာမှ ၁၂ မိုင်ဝေးကွာသည့်ဒေသတွင် အမှတ် ၂၄ ခြေလျင်တပ်မဟာကို အုပ်ချုပ်ကွပ်ကဲနေရသော ဗိုလ်ချုပ်ဝီလ်ဆင်သည်လည်း စကိုးဖီးလ်စစ်တန်းလျားမှ အရာရှိကလပ်တွင် အလားတူ ပျော်စရာညနေခင်းကို ကြုံတွေ့နေရသည်။ ကလပ်တွင်လည်း စနေနေ့ညတိုင်း ရှိသည့်ကပွဲမှာ ယနေ့ည ခါတိုင်းထက်ပို၍ ပျော်စရာ၊ မြူးစရာဖြစ်နေသည်။ အကြောင်းမှာ အမှတ် ၂၄ နှင့် ၂၅ တပ်မဟာမှတပ်သားများမှာ တစ်ပတ်လုံးလုံး ကြမ်းတမ်းကြောညောင်းစွာ ကွင်းဆင်းလေ့ကျင့်ခဲ့ကြရာမှ ပြန်ရောက်လာသောကြောင့် ဖြစ်သည်။ တခြားအကြောင်းမှာ နာမည်ကျော် ကချေသည် အင်းအက်ဇလာ၏ အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤဖျော်ဖြေရေးအစီအစဉ်မှာ နှယ်နှယ်ရရ သာမည မဟုတ်။ တစ်နှစ်တစ်ကြိမ်သာလျှင် ကျင်းပသည့် တကယ့်ပွဲကြီးပွဲကောင်းဖြစ်သည့်အပြင် ဗိုလ်မှူးချုပ်ဝီလ်ဆင်၏ ခပ်ရွှင်ရွှင် ပြောပြချက်အရ "ဒီတပ်နယ်မြေမှာ အနိုပ်ဆုံးဆိုတဲ့ ကောင်မလေးတွေထဲက ရွေးပြီးမှ ပွဲထုတ်တဲ့ အစီအစဉ်" ဖြစ်သည်။

ဤပွဲမှာ အဆိုနှင့် အကများကို အပျော်တမ်းသီဆို ကပြခြင်းသာဖြစ်၍ နည်းနည်းတော့ ငြီးငွေ့စရာ ကောင်းချင်ကောင်းနေမည်ဖြစ်သည်။ သို့သော် ရန်ပုံငွေ အလှူပွဲအဖြစ် ပြုလုပ်ကြခြင်းဖြစ်ရာ ဟာဝေယံစစ်ဒေသတစ်ခုလုံး၏ အကြီးဆုံးတပ်မှူးကြီးဖြစ်သော ဗိုလ်ချုပ်ကြီးဝေါ်လ်တာရှော့အပါအဝင် လူတိုင်းက ဤပွဲကို အားပေးကြသည်။

တကယ်တော့ ယနေ့ညအဖို့ရာ၌ ဗိုလ်ချုပ်ကြီးရှော့မှာ ပါတီသို့နောက်ကျပြီးမှ ရောက်လာသည်။ ဤသည်မှာလည်း ဟိုနိုလူလူမြို့အပြင်ဘက်ရှိ တပ်မတော်အုပ်ချုပ်ရေး ဌာနချုပ်မှ သူနှင့်သူ၏ ထောက်လှမ်းရေးအရာရှိ ဒုဗိုလ်မှူးကြီးဖိလ်ဒါတို့ နှစ်ယောက်သား ပါတီသို့ ထွက်လာတော့မည့်ဆဲဆဲတွင်မှ တယ်လီဖုန်း လာနေသောကြောင့် ဖြစ်သည်။ တစ်ဖက်မှတယ်လီဖုန်းပြောသူမှာ တန်ပြန်ထောက်လှမ်းရေးအရာရှိ ဒုဗိုလ်မှူးကြီး ဘစ်ကနဲလ် ဖြစ်သည်။ သူက ဗိုလ်ချုပ်ကြီးတို့အား တစ်စုံတစ်ရာ စိတ်ဝင်စား

mgyoe.com

mgyoe.com

ဖွယ်ရာတစ်ခုပြရန် ရှိနေသဖြင့် သူ့ကိုစောင့်ရန် ပြောသည်။ ဗိုလ်ချုပ်ကြီးကလည်း "ကောင်းပြီ၊ စောင့်မည်၊ သို့သော် အမြန်လာခဲ့ပါ" ဟူ၍ အကြောင်းပြန်လိုက်သည်။

၆ နာရီ မိနစ် ၃၀ တိတိတွင် ဘစ်ကနဲလ်တစ်ယောက် ပေါက်ချလာသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်ကြီးကတော်နှင့် ဗိုလ်မှူးကြီးကတော်တို့မှာ ပေါင်ဒါ တဖွေးဖွေး၊ ရေမွှေးနံ့ တကြိုင်ကြိုင်ဖြင့် ကားပေါ်သို့ အမြိုင့်သားရောက်နေကြပြီ ဖြစ်သည်။ သို့ဖြင့် ယောကျ်ား သုံးယောက်သည် ဗိုလ်ချုပ်ကြီး၏ ရုံးခန်းထဲမှာပင် ဝိုင်းထိုင်ကြသည်။ ဗိုလ်မှူးကြီးဘစ်ကနဲလ်က အက်ဖ်ဘီအိုင်မှ ယမန်နေ့က ကြားဖြတ်နားထောင်ဖမ်းယူလိုက်သော တယ်လီဖုန်းပြောကြားချက်တစ်ခုကို ထုတ်ပြသည်။ ယင်းတယ်လီဖုန်းပြောကြားချက်မှာ ဂျပန်ပြည်၊ တိုကျိုမြို့ 'ယိုမီယူရီ ရှင်ဘွန်း' သတင်းစာတိုက်မှတစ်စုံတစ်ယောက်သောသူက ဟိုနိုလူလူမြို့မှ မိုတိုကာဇုအမည်ရှိ ဂျပန်ဆရာဝန်တစ်ယောက်ထံလှမ်း၍ ပြောကြားခဲ့သည့် စကားများပင်ဖြစ်သည်။ အဆိုပါဒေါက်တာမိုတိုကာဇုမှာ သွားစိုက်ဆရာဝန်တစ်ယောက်ဖြစ်၍ သူ့ဇနီးမှာ အထက်ဖော်ပြပါ ယိုမီယူရီသတင်းစာအတွက် ဟိုနိုလူလူမြို့မှ အမျိုးသမီးသတင်းထောက် ဖြစ်သည်။

တိုကျိုမှ တယ်လီဖုန်းဆက်သူသည် အရပ်ရပ်၊ အခြေအနေနှင့် အထွေထွေ သတင်းများကို မေးမြန်းခဲ့သည်။ လေယာဉ်ပျံတွေအကြောင်း၊ လေကြောင်းရန် ကာကွယ်ရာ၌ အသုံးပြုသည့် ဆလိုက်မီးမောင်းကြီးများအကြောင်း၊ ရာသီဥတုအခြေအနေနှင့် ဤနေရာ တစ်ဝိုက်တွင်ရှိသည့် သင်္ဘောသားများ၏ အရေအတွက် ... စသည်တို့အပြင် 'ပန်းများ' အကြောင်းကိုလည်း လှမ်းမေးခဲ့သည်။ နောက်ဆုံးမေးမြန်းချက်ဖြစ်သော 'ပန်းများ' နှင့်ပတ်သက်၍ ဒေါက်တာ မိုတိုကာဇုက "လောလောဆယ်ပွင့်တဲ့ ပန်းတွေကတော့ ဒီနှစ်ထဲမှာ အနည်းဆုံးပဲ။ ဒါပေမဲ့ ခေါင်ရန်းနဲ့ ခတ္တာပန်းတွေလည်း ပွင့်စပြုလာနေပါပြီ ..."ဟူ၍ ပြန်ပြောခဲ့သည်ကို တွေ့ရသည်။

အရာရှိကြီး သုံးဦးမှာ ဤအချက်နှင့်ပတ်သက်၍ ခေါင်းချင်းရိုက်ကာ အပြန်အပြန်အလှန်လှန် တွေးကြည့်ကြသည်။ ဘာကြောင့်များ ပစိဖိတ်

mgyoe.com

mgyoe.com


သမုဒ္ဒရာကြီး၏ ဟိုဘက်သည်ဘက် လှမ်း၍ တယ်လီဖုန်းပြောခ အမြောက်အမြား အကုန်အကျခံကာ 'ပန်းများ' အကြောင်းကို ရေးကြီးခွင့်ကျယ် လုပ်၍ မေးနေရပါသလဲ။ အကယ်၍ ဤနေရာတွင် စကားဝှက်အဖြစ် သုံးစွဲခြင်းဖြစ်သည်ဟု ဆိုပါလျှင်လည်း လေယာဉ်ပျံများ၊ မီးမောင်းများစသည့် အခြားအကြောင်းအရာများကိုမူ အဘယ့်ကြောင့် ရိုးရိုးစကားများဖြင့် ပြောခဲ့ကြပါသနည်း။ နောက်ပြီး ဤကိစ္စသည် သူလျှိုကိစ္စဟု ဆိုရန်မှာလည်း သူလျှိုများသည် ဤမျှအရေးကြီးသည့် ကိစ္စကို တယ်လီဖုန်းဖြင့် ပြောပါမည်လော။ ဤသို့မဟုတ်လျှင် တခြားမည်သို့ ဖြစ်နိုင်ပါမည်နည်း။ ဤကိစ္စသည် "အချိန်မရွေး ရက်ရက်စက်စက် လုပ်လာနိုင်စရာရှိသည်" ဟူ၍ မကြာသေးမီက ဝါရှင်တန်မှ ရောက်လာသည့် သတိပေးချက်နှင့် တစ်စုံတစ်ရာ ဆက်စပ်မှု ရှိနေပါသလော။

ဆယ့်ငါးမိနစ် ...၊ နာရီဝက် ...၊ တစ်နာရီ နီးပါးမျှ ကြာသွားသည်။ သူတို့သုံးယောက်စလုံး ဘာတစ်ခုမှ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေကြသည်။ နောက်ဆုံးတွင်မူ ဗိုလ်ချုပ်ကြီးရှော့က ဗိုလ်မှူးကြီး ဘစ်ကနဲလ်အား "ထောက်လှမ်းရေး စိတ်ဓာတ်လွန်ကဲ၍ အတွေးခေါင်နေသည်" ဟူ၍ ယဉ်ကျေးသိမ်မွေ့စွာ ကောက်ချက်ချလိုက်သည်။ ထို့ပြင် စင်စစ်အားဖြင့်လည်း ယနေ့ည အဖို့ရာ၌ သူတို့ ဘာမှလုပ်နိုင်ကြမည် မဟုတ်၊ ဤကိစ္စကို အချိန်ယူ၍ စဉ်းစားပြီး နောက်တစ်နေ့နံနက်ကျမှ ထပ်မံဆွေးနွေး စဉ်းစားကြရန်သာ ရှိသည်။

သို့ဖြင့် နှုတ်ခမ်းတစူစူ ဖြစ်နေကြပြီဖြစ်သော ဇနီးသည်များရှိရာသို့ ဗိုလ်ချုပ်ကြီးနှင့် ဗိုလ်မှူးကြီးဖိလ်ဒါတို့ ပြန်ရောက်လာပြီး ၁၅ မိုင်ဝေးသော စကိုးဖီးလ် အရာရှိကလပ်သို့ ကားမောင်းထွက်လာကြသောအခါ အချိန်မှာ ည ၇ နာရီ မိနစ် ၃၀ ခန့်ပင် ရှိနေပြီဖြစ်သည်။ ကပွဲခန်းထဲသို့ သူတို့ ဝင်လာခဲ့ကြရာ၌ ပျော်စရာရွှင်စရာ ညနေပွဲအတွက် ချော်တုံးကြီးများကို အစီအရီချကာ သစ်ခက်စိမ်းများဖြင့် ခမ်းနားလှပစွာ ပြင်ဆင်ထားသည်ကိုပင် သတိမထားမိကြဘဲ ဖြစ်နေကြသည်။ သူတို့ခေါင်းထဲတွင် ဂျပန်ဆရာဝန် မိုတိုကာဇုထံလာသော တယ်လီဖုန်းကိစ္စကိုသာ တအုံနွေးနွေး စဉ်းစားနေမိကြသည်။

mgyoe.com

mgyoe.com

ဗိုလ်ချုပ်ကြီးရှော့သည် ကော့တေးလ်အရက်နှစ်ခွက် သောက်ခဲ့ပြီးဖြစ်၍ ညစာစားပြီးလျှင် အရက်လုံးဝသောက်သူ မဟုတ်။ သို့ဖြင့် သူသည် နောက်နှစ်နာရီလုံးလုံး စိတ်ထဲတွင် မတင်မကျဖြင့် မရွှင်မပျနိုင်ဘဲ ဖြစ်နေခဲ့သည်။ ဤသည်မှာ ဒေါက်တာ မိုတိုကာဇုထံလာသော တယ်လီဖုန်းကြောင့်လည်း ဖြစ်နိုင်သည်။ သည်လိုမှ မဟုတ်လျှင် သင်တန်းနှင့် ပစ္စည်းကိရိယာ မပြည့်စုံမှုကြောင့် သောကရောက်နေခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ်လျှင်လည်း လျှို့ဝှက်ဖောက်ခွဲ ဖျက်ဆီးမှုများအတွက် စိုးရိမ်ပူပန်နေခြင်းလည်း ဖြစ်နိုင်သည်။

ဝါရှင်တန်မှ သတိပေးချက်များအနက် ဗိုလ်ချုပ်ကြီးရှော့၏ စိတ်ထဲတွင် အကြီးမားဆုံးဟု ယူဆသတ်မှတ်ထားသည့် အန္တရာယ်မှာ အခြားမဟုတ်၊ အရှေ့ဖျားဒေသတွင် ဂျပန်တို့၏တစ်စုံတစ်ခုသော လှုပ်ရှားမှုများနှင့် ချိန်ကိုက် တွက်ဆကာ ဟာဝေယံကျွန်းပေါ်မှ ၁၅၇,၉၀၅ ယောက်သော ဂျပန်လူမျိုး အရပ်သားထုကြီးက အုံကြွဆူပူလှုပ်ရှားလာမည့် အရေးပင် ဖြစ်သည်။ သို့ဖြစ်၍လည်း သူသည် လျှို့ဝှက်ဖောက်ခွဲ ဖျက်ဆီးမှုများကို ကြိုတင်ကာကွယ်တားဆီးရန် သူ့လက်အောက်ရှိ တပ်အားလုံးကို တပ်လှန့်ထားခဲ့သည်။ သူ၏စစ်လေယာဉ်အားလုံးကိုလည်း အလွယ်တကူ ကာကွယ်စောင့်ရှောက်နိုင်မည့် လေယာဉ်ကွင်းများ၌ တန်းစီ၍ စနစ်တကျထားခဲ့သည်။ ထို့ပြင် ဤအန္တရာယ်နှင့် ပတ်သက်၍ စစ်ဝန်ကြီးဌာနသို့လည်း သတိပေးအကြောင်းကြားခဲ့သည်။ ဝါရှင်တန်ကလည်း ဤသတိပေးချက်ကို သဘောကျ ကျေနပ်သည်။ သို့သော် ဂျပန်ပဥ္စမံတပ်သားများနှင့် ပတ်သက်၍ ထိတ်လန့်စိုးရိမ်မှုမှာ ပျောက်မသွားဘဲ အစိုင်အခဲလိုက် ရှိနေဆဲ ရှိနေမြဲပင် ဖြစ်သည်။ ဝင်ရိုးတန်းနိုင်ငံများ၏ ထိုးနှက်တိုက်ခိုက်မှုမှာလည်း သည်ပုံစံ၊ သည်နည်းများကိုသာ အမြဲတစေ ကျင့်သုံးလေ့ရှိကြသည် မဟုတ်လား။

၉ နာရီ မိနစ် ၃၀ ရှိပြီဖြစ်၍ ပြန်ချိန်တန်ပြီ ဖြစ်သည်။ ဗိုလ်ချုပ်ကြီးရှော့တို့ ဇနီးမောင်နှံနှင့် ဗိုလ်မှူးကြီးဖီလ်ဒါတို့ ဇနီးမောင်နှံသည် အရာရှိကလပ်မှ ထွက်လာခဲ့ကြပြီး အိမ်သို့ပြန်လာခဲ့ကြသည်။ မြို့ဘက်ဆီသို့ အဆင်းလမ်းအတိုင်း ကားမောင်းလာခဲ့ကြသည်။ ပုလဲဆိပ်ကမ်းသည် ခပ်

mgyoe.com

လှမ်းလှမ်း သူတို့၏အောက်ဘက်တွင် ဖြန့်ကြက်ထားသလို ရှိနေသည်။ ပစိဖိတ်ရေတပ်ကြီးတစ်ခုလုံးမှာလည်း မီးရောင်များဖြင့် ထိန်ထိန်ညီးအောင် ဝင်းလက်တောက်ပနေသည်။ ရံဖန်ရံခါ မီးမောင်းကြီးများ ထိုးလိုက်သဖြင့် ကောင်းကင်တွင် မီးရောင်အမျှင်တန်းကြီးများကို မကြာခဏ လှမ်းမြင်ကြရသည်။ ဆိတ်ငြိမ်အေးချမ်းလှသည့် ည၏အရသာကို ကောင်းကောင်းကြီး ခံစားရင်း နေ့ခင်းဘက်မှ သောကဗျာပါဒများကို အခိုက်အတန့်အားဖြင့် လုံးဝမေ့သွားခဲ့သည်။

ဗိုလ်ချုပ်ကြီးရှော့သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ရင်း အမှတ်မထင် သူ့နှုတ်ဖျားမှ စကားသံများ ထွက်လာသည်။

" ကြည့်ရတာ မလှဘူးလား ... ဟင်၊ ဒီလို နေရာမျိုးကို သူတို့တစ်တွေ ပစ်မှတ်အနေနဲ့ ရွေးမယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ"

ဗိုလ်ချုပ်ကြီး ပြောမည်ဆိုက ပြောလောက်စရာပင် ဖြစ်သည်။ ရောင်စုံမီးများဖြင့် ဝင်းလက်တောက်ပနေသော ပုလဲဆိပ်ကမ်း၏ အလှသည် ဒီဇင်ဘာလ၏ မဟူရာညနှင့် ပနံရချင်တိုင်း ရနေတော့သည်။

❑

mgyoe.com

mgyoe.com

# ဟာဝေယံသီချင်း၏ အဓိပ္ပာယ်
## (ညသန်းခေါင်မှ နံနက် ၃ နာရီ မိနစ် ၃၀)

ဗိုလ်ချုပ်ကြီးရှော့နှင့် ဆန့်ကျင်ဘက်ပုဂ္ဂိုလ်မှာ ပစိဖိတ်ရေတပ်ကြီး၏ စစ်ဦးစီးချုပ် ရေကြောင်းဗိုလ်ချုပ်ကြီး ကင်းမဲလ်ပင်ဖြစ်သည်။ ယနေ့ညနေဘက်တွင် ဗိုလ်ချုပ်ကြီး ကင်းမဲလ်မှာ ဟိုနိုလူလူမြို့ထဲတွင် ဘာတစ်ခုမှ ထူးခြားမှုမရှိဘဲ ဟာနီကူလာနီ ဟိုတယ်တွင် ညစာစားနေသည်။ ရေတပ်မှ ထိပ်တန်းအရာရှိကြီး အများအပြားမှာ ဤဟိုတယ်မှာပင် သူတို့ဇနီးများနှင့် အတူ နေထိုင်လျက် ရှိကြသည်။

ယနေ့ည အဖို့ရာ၌ ဤဟိုတယ်တွင် ရေကြောင်းဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သူ ဖဲယားဖက်စ်နှင့် သူ့ဇနီးတို့က ညစာစားပွဲလေးတစ်ခု ကျင်းပလျက်ရှိသည်။ ဤညစာစားပွဲသို့ စစ်ဦးစီးချုပ်ကိုယ်တိုင် တက်ရောက်လာသည်။ ဘာတစ်ခုမှ ထူးထူးခြားခြား စိတ်ပါဝင်စားဖွယ်ရာမရှိဘဲ ခြောက်ကပ် ငြီးငွေ့စရာကောင်းလှသဖြင့် ဗိုလ်ချုပ်ကြီးကတော် နှစ်ယောက်မှာ လွတ်လွတ်လပ်လပ်၊ အေးအေးဆေးဆေး နေလိုကြ၍ အပေါ်ထပ်ရှိ ကိုယ့်အိပ်ခန်းများဆီသို့ ခပ်စောစောပင် တက်လာခဲ့ကြသည်။

စင်စစ် ဗိုလ်ချုပ်ကြီး ကင်းမဲလ်သည် ယခုလို ပါတီညှော်ခံပွဲများနှင့် လားလားမျှ အပ်စပ်သူ မဟုတ်။ လေသံမာမာ၊ ခပ်ပြတ်ပြတ်၊ ဘွင်းဘွင်း

mgyoe.com

mgyoe.com


နှင့် ရှင်းရှင်းပြောတတ်ပြီး လုပ်စရာ၊ ကိုင်စရာရှိလျှင်လည်း တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် လုပ်တတ်၊ ကိုင်တတ်သူဖြစ်သည်။ ကော့တေးလ်ပါတီများ နှင့် ဆိုရှယ်ဧည့်ခံပွဲများ၌ သူ့ကို ရယ်ရယ်မောမောဖြင့် ဘယ်သောအခါမှ တွေ့ရလိမ့်မည် မဟုတ်။ ကိစ္စကြီး၊ ငယ်ရှိ၍ လုပ်ဖော်ကိုင်ဖက် အရာရှိများနှင့် ဟိုဟိုသည်သည် မကြာခဏ လမ်းလျှောက်သွားကြသည့်အခါမျိုး၌သာ သူ့မျက်နှာကို ချိုချိုသာသာ တွေ့ရတတ်သည်။ သူ့ကိုယ်သူ ဂုဏ်ယူကျေနပ်သလောက် ရေသာခိုအချောင်လိုက်နေကြသည့် ပတ်ဝန်းကျင်တစ်ခုလုံးကို ကြည့်မရဘဲ ပက်ပက်စက်စက် ပြောတတ်၊ လုပ်တတ်သည်။ ယုတ်စွအဆုံး ရေတပ်သားများ ယခုနောက်ဆုံး ဝတ်ဆင်နေကြသည့် ကာကီယူနီဖောင်းများကိုပင် "ဝတ်တဲ့လူရဲ့ စစ်ရေးရှုထောင့်နဲ့ ဂုဏ်သိက္ခာကို အင်မတန် ကျဆင်းအောင် လုပ်ထားတဲ့ အဝတ်အစားတွေပဲ"ဟူ၍ မညှာမတာ ဝေဖန်ကန့်ကွက်ခဲ့သူ ဖြစ်သည်။

ထို့ပြင် ဗိုလ်ချုပ်ကြီး ကင်းမဲလ်သည် အလွန်အသိရခက်သည့် လူစားမျိုး ဖြစ်သည်။ သူ့လက်ရှိရာထူးက ဤအချက်ကို ပို၍ဆိုးဝါးစေသလို ဖြစ်နေသည်။ သူသည် အခြားသော ရေကြောင်း ဗိုလ်ချုပ်ကြီး ၃၂ ယောက်တို့ကို ကျော်လွှားပြီး ဤရာထူးကို ရရှိခဲ့ခြင်း ဖြစ်သည်။ သူ့ဆက်ဆံရေးများမှာ လုံးဝမှန်ကန်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ဤနေရာတွင် မရှောင်မလွှဲသာဘဲ ခိုးလိုးခုလု အဖုအထစ်ကလေးများ ရှိနေခဲ့သည်။ ယင်းမှာ တစ်ခါက သူ့အထက်အရာရှိများအဖြစ် အမြဲတစေ ရှိနေခဲ့ကြသော ပုဂ္ဂိုလ်တချို့နှင့် သမားရိုးကျ အပေးအယူသဘော လုံးဝမရှိခြင်းပင် ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရလျှင် ပစိဖိတ်ဒေသတစ်ခုလုံး၏ စစ်ဦးစီးချုပ်အနေဖြင့် သူ့တာဝန် ကျေပွန်ရေးကိုသာ သူဦးစားပေး၍ အဓိကထားသည်။ သူ့တာဝန်မှာလည်း အခြားမဟုတ်၊ မည်သူ့ကိုမဆို လူမှုပေါင်းသင်းဆက်ဆံရေးများ လွှမ်းမိုးလွန်ကဲနေသည်ကို လုံးဝ အပြတ်ရှင်းပစ်ရန်၊ ဤရေတပ်ကို နောက်ဆုံးပေါ် ခေတ်မီလက်နက် အသစ်အဆန်းများဖြင့် ပြန်လည်တပ်ဆင် အားဖြည့်သွားရန်၊ အသစ်အသစ် ရောက်ရှိလာကြသည့် မြောက်မြားလှသော ရေတပ်သားများအား သင်တန်းများ ပေးရန်၊ အကယ်၍ ဂျပန်

mgyoe.com

mgyoe.com

တို့က ခပ်ရမ်းရမ်း၊ ခပ်ကြမ်းကြမ်းလုပ်၍ ဝုန်းခနဲ ဒိုင်းခနဲ ပေါက်ကွဲလာပါက ပြန်လည် ခုခံတိုက်ခိုက်ရန်အတွက် စစ်ရေးပြင်ဆင်မှုများကို ကြိုတင်ပြုလုပ်ထားရှိရန် ... စသည် စသည်တို့ပင် ဖြစ်သည်။

ဗိုလ်ချုပ်ကြီး ကင်းမဲလ်သည် ယနေ့ညနေစောင်း စောစောပိုင်းက သူ့လက်အောက်အရာရှိများနှင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ယခုအခါ ဂျပန်တို့သည် သူတို့၏ စကားဝှက်များကို မီးရှို့ပစ်ခဲ့ကြပြီ ဖြစ်သည်။ သူတို့ ရေတပ်ကလည်း အခေါ်အဝေါ် သင်္ကေတများကို တစ်လ နှစ်ကြိမ်မျှ ပြောင်းလဲနေသည်။ ထို့ပြင် သူတို့၏ လေယာဉ်တင်သင်္ဘောကြီးများမှာလည်း အစအန ရှာမရဘဲ ပျောက်ချက်သား ကောင်းနေကြသည်။

အခြားတစ်ဖက်မှ ကြည့်မည်ဆိုလျှင်လည်း ယခုလို ရင်တမမဖြင့် မတင်မကျ ဖြစ်နေသည့် အချိန်အခါမျိုး၌ ဂျပန်တို့ကိုယ်တိုင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြမည်မှာ သဘာဝပင် ဖြစ်သည်။ သို့ဖြစ်ရာ လောလောဆယ် လေယာဉ်တင်သင်္ဘောကြီးများ ပျောက်ကွယ်နေသည်မှာ အဓိပ္ပာယ်တစ်ခုခုရှိရမည် ဖြစ်သည်။ အမေရိကန်ရေတပ်မှ ထောက်လှမ်းရေးအဖွဲ့သည် လွန်ခဲ့သည့် ၆ လအတွင်း အဆိုပါ ဂျပန်စစ်သင်္ဘောကြီးများကို ခြေရာခံ၍ မရခဲ့ကြသည်မှာ ၁၂ ကြိမ်မျှပင် ရှိခဲ့ပြီဖြစ်သည်။ ဘာပဲဖြစ်ဖြစ် တစ်ခုခုဖြစ်ပြီဟေ့ဆိုလျှင် အရှေ့တောင်အာရှဒေသတွင် ဖြစ်စရာရှိသည်။ ဝါရှင်တန်မှ လည်းကောင်း၊ တရားဝင်ခန့်မှန်းချက်များအရ လည်းကောင်း၊ သတင်းစာများအရ လည်းကောင်း .... လူတိုင်းလူတိုင်းက ဤသို့ပင် ပြောနေကြသည်။

ဟာဝေယံကျွန်းနှင့် ပတ်သက်၍မူ မည်သူကမျှ စာရင်းထဲထည့်၍ မစဉ်းစားကြဘဲ ဖြစ်နေသည်။ ဤရေတပ်စခန်းကြီး၏ ကာကွယ်ရေးကို ရေကြောင်းဗိုလ်ချုပ်ကြီး ကင်းမဲလ်၏ လက်တွင် မထားဘဲ ကြည်းတပ်နှင့် အမှတ် ၁၄ စစ်နယ်မြေဆိုင်ရာ ရေတပ်သို့ တာဝန်ပေးထားခဲ့သည်။ စင်စစ် ဤတပ်များသည် အလုပ်သဘောအရ ကင်းမဲလ်၏ လက်အောက်တွင် ရှိနေကြသည်မှန်သော်လည်း လက်တွေ့အားဖြင့် ဗိုလ်ချုပ်ကြီး ကလော်ဒီက

mgyoe.com

mgyoe.com


အုပ်ချုပ်ကွပ်ကဲရသည်။

ဒေသဆိုင်ရာကာကွယ်ရေး အစီအစဉ်များမှာလည်း 'စာအုပ်ကြီး ဆန်လွန်း' လှသည်။ လွန်ခဲ့သည့် တစ်ပတ်ကပင် ဗိုလ်ချုပ်ကြီး ကင်းမဲလ်သည် သူ့လက်အောက်မှ စစ်ဆင်ရေးအရာရှိ ဗိုလ်မှူးကြီးမောရစ္စကို ခေါ်၍ ဟိုနိုလူလူမြို့ကို အလစ်တွင် ဝင်ရောက်တိုက်ခိုက်ပါက မည်သို့မည်ပုံ ပြန်လည်ခုခံရန် စီစဉ်ထားသည်ကို မေးကြည့်ရာ ဗိုလ်မှူးကြီး မောရစ္စက "ဘာ တစ်ခုမှ စီစဉ်ထားတာ မရှိသေးပါဘူး"ဟူ၍ အပြတ်ဖြေကြားခဲ့သည်။

ဗိုလ်ချုပ်ကြီး ကင်းမဲလ်သည် ည ၉ နာရီ မိနစ် ၃၀ တိတိတွင် ညစာစားပွဲမှ အိမ်သို့ တန်းပြန်လာခဲ့သည်။ ဆယ်နာရီတွင် အိပ်ရာဝင်ခဲ့သည်။ ကုန်ဆုံးခဲ့သည့် တနင်္ဂနွေ တစ်ပတ်လုံးလုံး လူရောစိတ်ပါ ပင်ပန်းခဲ့ရသည်။ သို့ဖြစ်၍လည်း နက်ဖြန်နံနက်တွင် ဗိုလ်ချုပ်ကြီး ရှော့နှင့် ဂေါက်သီးရိုက်ရန် ခပ်စောစောက ချိန်းဆိုထားခဲ့ခြင်း ဖြစ်သည်။

အရာရှိ အတော်များများသည် ညဥ့်နက်သည်အထိ ကလပ်တွင် ရှိနေကြသည်။ သို့သော် အချိန်သာကုန်၍ ဘာတစ်ခုမှ ပြောပလောက်အောင် ထူးထူးခြားခြားမရှိဘဲ ဖြစ်ခဲ့သည်။ ဖျက်သင်္ဘော ဖလုပ်တီလာ အမှတ် ၁ ကို အုပ်ချုပ်ရသော ဗိုလ်ချုပ်ကြီး သီအိုဘောလ်သည် ပစိဖိတ်ကလပ်တွင် ညသန်းခေါင်အထိ နေခဲ့သည်။ 'အူတာ' သင်္ဘောမှ စစ်ဘက်ဆိုင်ရာ အရာရှိ ဖြစ်သူ ဗိုလ်မှူးအစ္စကွစ်သည် ဟာဝေယံ ကစားဝိုင်းတွင် ဖဲကစားနေခဲ့သည်။ အရာရှိငယ်တစ်ဦးဖြစ်သူ ဒု–ဗိုလ် ဒီလာဒိုသည် အမှတ် ၄ စစ်သင်္ဘော တပ်မဟာမှ ဒုတိယရေကြောင်း ဗိုလ်ချုပ်ကြီး အင်ဒါဆင်၏ နေအိမ်တွင် လေးစားထိုက်သော ဧည့်သည်တစ်ယောက်အဖြစ် ရောက်ရှိနေခဲ့သည်။

အခြားအခြားသော ရေတပ်ဆိုင်ရာ အမှုထမ်းများ၏ အခြေအနေမှာလည်း ခါတိုင်းကဲ့သို့ပင် တစ်စုံတစ်ရာ ပြောပလောက်အောင် ထူးထူးခြားခြားမရှိဘဲ ဖြစ်နေသည်။ ပုလဲဆိပ်ကမ်းမှ ရေဒီယို ဆက်သွယ်ရေးတပ်သား ဂလေဆာ၊ ဟစ်ကမ်လေယာဉ်ကွင်း ဗုံးကြဲလေတပ်စခန်းမှ တပ်ကြပ်ကြီး ရိုင်ဂျာ၊ စကိုးဖီးလ် စစ်တန်းလျားအမှတ် ၁၉ ခြေလျင်တပ် အမ်တပ်ခွဲမှ တပ်သား သုံးပုံနှစ်ပုံနှင့် အိုအာဟူကျွန်းပေါ်တွင် နေရာ အနှံ့အပြား ပြန့်ကျဲ

mgyoe.com

mgyoe.com

နေကြသော တပ်စခန်းအသီးသီးမှ ထောင်ပေါင်းများစွာသော တပ်သားများသည် ဟိုနိုလူလူ တစ်မြို့လုံးတွင် မဆံ့နိုင်သည့် ဘတ်စ်ကားတန်းကြီးများ၊ ကားစုတ် ကားဟောင်းကြီးများ၊ အိုမင်းလုပြီဖြစ်သော တက္ကစီကားများဖြင့် ပျားပန်းခပ်မျှ ဥဒဟို သွားလာလျက် ရှိနေကြသည်။

အများစုမှာ ဝိုင်–အမ်–စီ–အေ အဆောက်အဦရှေ့တွင် ဆင်းကြသည်။ သည်နေရာမှ ဟိုဟိုသည်သည်သို့ အလွယ်တကူ သွားနိုင်၊ လာနိုင်ကြသည်။ ထိုနေရာမှတစ်ဆင့် လမ်းကို ဖြတ်ကျော်၍ 'ကြောင်နက် လက်ဖက်ရည်ဆိုင်'တွင် ခေတ္တမျှထိုင်ပြီး မြို့ထဲသို့ အနှံ့အပြား လျှောက်သွားခဲ့ကြသည်။ အရာရှိချုပ် မွန်တက်ဆိုရီကဲ့သို့သော အချို့ပုဂ္ဂိုလ်များကမူ 'ဝေကီကီ' ပင်လယ်ဆိပ်ကမ်းမှ ပျော်ပွဲစားရုံများတွင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်လုပ်နေကြသည်။ အချို့ကလည်း ခုနစ်လွှာ ကပွဲရုံများထဲသို့ တိုးဝှေ့ဝင်ရောက်ကာ မပေါ့တပေါ၊ ပေါ့တပေါ အကများကို အားမလို အားမရဖြင့် ရှုစားကြသည်။ အများစုကြီးမှာ 'ဟိုတယ် လမ်းမကြီး' ပေါ်သို့ ရောက်သွားကြသည်။ ဤလမ်းမကြီး တစ်လျှောက်တွင် အရုပ်မျိုးစုံဖြင့် မင်ကြောင်ထိုးပေးသည့် ဌာနများ၊ အလောင်းအစားဖြင့် သေနတ် လက်တည့်စမ်းသည့်ရုံများ၊ မုတ်ဆိတ်ရိတ်သည့်ဆိုင်များ၊ အနှိပ်ခံသည့် နေရာများ၊ ဓာတ်ပုံဆိုင်များ၊ လက်စွပ်ဆွဲကြိုးစသည့် အသေးစား အသုံးအဆောင်ပစ္စည်း အမျိုးမျိုး ရောင်းချသည့်ဆိုင်များ ... စသည်ဖြင့် အားလပ်နေသော လခစား အမှုထမ်း တစ်ယောက်အတွက် အရပ်သားများထံမှ ဘာမဆို လိုသမျှ ရနိုင်သည်အထိ မျိုးစုံလှသည်။

ပိုက်ဆံထည့်၍ ဖွင့်ရသော ဓာတ်စက်မှ သီချင်းသံသည် အရက်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များမှ အပြိုင်အဆိုင် ကျယ်လောင်ဆူညံစွာ ထွက်ပေါ်လျက်ရှိသည်။ သည်အထဲတွင် လမ်းဘေးပလက်ဖောင်းပေါ်၌ ကျိတ်ကျိတ်တိုး သွားလာနေကြရင်း ထိုးပွဲကြိတ်ပွဲ ရန်ပွဲများကိုလည်း မကြာခဏ ကြုံတွေ့ကြရသည်။

ဆိပ်ကမ်းစောင့် ရဲအဖွဲ့ဝင်များသည် **ဟိုနိုလူလူ** စစ်သင်္ဘောမှ သင်္ဘောသားနှစ်ယောက် ရန်ဖြစ်၍ အပြန်အလှန် ထိုးကြိတ်နေကြသည်ကို

mgyoe.com

mgyoe.com

ဝင်၍ ဖျန်ဖြေပေးလိုက်ရသည်။ ကယ်လီဖိုးနီးယား သင်္ဘောမှ သင်္ဘောသားတစ်ယောက်ကိုလည်း အခြားသင်္ဘောသား တစ်ယောက်၏ လက်မှတ်ဖြင့်လိမ်၍ ကုန်းပေါ်တက်လာသည်ကို ဖမ်းမိလိုက်သည်။ ကနိုးဟီးရေတပ်ဆိုင်ရာ လေဆိပ်မှ တပ်သားတစ်ယောက်အား 'ရှန့်ရှင်းကြမ်းတမ်းစွာ ပြောဆိုမှု' ဖြင့် အရေးယူ ဖမ်းဆီးလိုက်သည်။

ထိုသို့သော ခိုက်ရန်ဒေါသဖြစ်မှုလေးများမှအပ ယနေ့ညအဖို့ရာ၌ အံ့သြစရာကောင်းလောက်အောင် ငြိမ်သက်အေးချမ်းလှသည်ဟု ဆိုရမည်ဖြစ်သည်။

တပ်ထိန်းများအနေဖြင့်လည်း ယနေ့ညတွင် အတော်ကလေးအသက်ရှူပေါက်ချောင်သည်ဟု ဆိုရမည်။ ဤကျွန်းစုပေါ်တွင် တပ်သားပေါင်း ၄၂,၉၅၂ ယောက်ရှိသည့်အနက် ယနေ့ညအဖို့ရာ၌ လူမှန်းသူမှန်းမသိအောင် အရက်အလွန်အကျွံ မူးနေကြသော တပ်သား ၂၅ ယောက်ကိုသာလျှင် အရေးယူဖမ်းဆီးခဲ့ရသည်။ 'ရေချိန်' လွန်နေကြသော တပ်သားများကို ဖို့ရှက်ဖတာစခန်းမှ အချုပ်ထဲသို့ သွင်းခဲ့ပြီး အမူးပြေမှ ပြန်လွှတ်ရန် စီစဉ်ခဲ့ကြသည်။ ဒါကလွဲလျှင် အခြား ဘာအမှုမှ ကြီးကြီးကျယ်ကျယ်မရှိ။

အံ့သြစရာကောင်းသည်မှာ တပ်သား အတော်များများသည် သူတို့၏သင်္ဘောများ၊ အခြေစိုက်စခန်းများနှင့် စစ်တပ်များမှ မခွာဘဲ 'အခန်းအောင်း' နေကြခြင်းဖြစ်သည်။ အထူးသဖြင့် ကြည်းတပ်နှင့် ရေတပ်တို့မှာ အရန်တပ်သားသစ် အမြောက်အမြားဖြင့် အဆမတန် ကြီးထွားလျက် ရှိနေရာ နေ့စဉ်နှင့်အမျှ အမြဲတမ်းတိုးနေသော တပ်သားသစ်များသည် ဟိုဟိုသည်သည် အပြင်သို့ သွားချင်လာချင်စိတ် မရှိကြဘဲ အေးအေးဆေးဆေးဖြင့် စိတ်ချမ်းသာအောင် နေလိုကြဟန်တူသည်။

တပ်သား အဲရစ်ဆင်သည် ဟာစ်ကမ်စခန်းမှ တပ်မတော် ရုပ်ရှင်ရုံတွင် မင်းသားကြီး ကလပ်ဂေဘယ် ပါဝင်သော ဇာတ်ကားကို စိတ်ပါဝင်စားစွာ ကြည့်နေခဲ့သည်။ တပ်ကြပ် မေဘက်သည်လည်း အနီးအနား စစ်တန်းလျားမှ ဓာတ်စက်ကို ဖွင့်ကာ ဘင်နီဂွတ်မင်းနှင့် ဘော့ခရော့စ်ဘီတို့၏

mgyoe.com


သီချင်းများကို ဖိမ်ခံ၍ နားထောင်နေခဲ့သည်။ စကိုးဖီးလ် လေတပ်စခန်းမှ တပ်သားအလှိုက်ဆီးယပ်စ်မှာမူ တပ်တွင်း အဖျော်ယမကာဆိုင်မှ ဘီယာနှစ်လုံးသောက်ကာ အမေရိကန်ပြည်ထောင်စု ဘတ်ဖဲလိုးမြို့ရှိ အိမ်သားများထံ တစ်ညနေလုံး စာထိုင်ရေးနေခဲ့သည်။

ပုလဲဆိပ်ကမ်းတွင် တပ်ကြပ်ကြီး ရောဘတ်ဂျူန်းသည် ရေတပ်မတော် ကပွဲရုံမှ ဖျော်ဖြေရေးအစီအစဉ်ကို တခြားပရိသတ်များနှင့်အတူ ကြည့်ရှုလျက်ရှိသည်။ ယင်းကပွဲရုံမှာ ရေတပ်သားများ၏ ကျန်းမာရေး၊ ပျော်ရွှင်ရေးနှင့် ချစ်ကြည်ရင်းနှီးရေးတို့အတွက် လုပ်သင့်လုပ်ထိုက်သမျှ အစွမ်းကုန်လုပ်ဆောင်ပေးနေသည့် နေရာဌာနတစ်ခုပင် ဖြစ်သည်။ ဤကပွဲရုံတွင် တေးဂီတပဒေသာပွဲ၊ လက်ဝှေ့ပွဲ၊ ဘောလုံးလိုမ့်ပွဲ၊ ဘီလီယက်ပြိုင်ပွဲများနှင့်တကွ ဘီယာကို ဈေးအပေါဆုံးဖြင့် ရောင်းချသည့်ပွဲများအထိ စီစဉ်ပေးခဲ့သည်။

ထိုတပ်မတော် ကပွဲရုံတွင် ယနေ့ည အထူးအစီအစဉ်မှာ 'ဂီတစစ်ပွဲ' ဟူ၍ အမည်ပေးထားသော အတီးအမှုတ်ပြိုင်ပွဲပင် ဖြစ်သည်။ အထူးသဖြင့် ရေတပ်မတော် တစ်ခုလုံးရှိ ဘင်ခရာတီးဝိုင်းများထဲမှ အကောင်းဆုံးအဖွဲ့ကို ရွေးချယ်ရမည်ဖြစ်ရာ ယနေ့ညမှာ နောက်ဆုံး အကြိတ်အနယ်ပြိုင်ရမည့် ဗိုလ်လုပွဲပင်ဖြစ်သည်။

တပ်သားများ၏ တစ်ခဲနက် လက်ခုပ်သြဘာသံများ အကြားမှ ပင်ဆစ်လ်ဗေးနီးယား၊ တင်နက်ဆီ၊ အာဂွန်နီနှင့် ဒက်ထရွိုက် စသောစစ်သင်္ဘောများမှ ဘင်ခရာ တီးဝိုင်းအဖွဲ့ဝင်များ၏ တီးမှုတ်သံများသည် ဆူညံစွာ ထွက်ပေါ်လာခဲ့သည်။ နောက်ဆုံးတွင် **ပင်ဆစ်လ်ဗေးနီးယား** က ဗိုလ်စွဲသွားသည်။ အားလုံး ဝိုင်း၍ "အမေရိကန်ပြည်ထောင်စုကို ဘုရားသခင်စောင့်ရှောက်ပါစေ"ဟူသော သီချင်းကို အားပါးတရ အော်ဆိုကြသည်။ သည့်နောက် အားလုံး တပျော်တပါးကြီး ကခုန်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ကပွဲရုံထဲမှ ပရိသတ်များတန်းစီ၍ ထွက်ကြသည်။ ရုံထဲမှထွက်ရင်း ပရိသတ် တော်တော်များများက ယနေ့ည 'ဂီတစစ်ပွဲ' တွင် တကယ်တမ်းအားဖြင့် အရီးဇိုးနား တီးဝိုင်းအဖွဲ့က အကောင်းဆုံး ဖြစ်

mgyoe.com

mgyoe.com


သည်ဟု မှတ်ချက်ချသွားလိုက်ကြသေးသည်။

ညဥ့်နက်လာပြီဖြစ်၍ တစ်စတစ်စဖြင့် သင်္ဘောသားများသည် ကိုယ့်သင်္ဘောရှိရာသို့ အသီးသီးပြန်ကြပြီ ဖြစ်သည်။ 'ဟိုတယ် လမ်းမကြီး' မှ အရက်ဆိုင်များလည်း ပိတ်ကုန်ကြပြီ။ ကပွဲများလည်း သိမ်းကြပြီ။ ဤသည်မှာ ဟိုနိုလူလူမြို့တော်၏ ညဘက်ဆိုင် ပိတ်ချိန် ဥပဒေကို အတိအကျ ရှိသေလိုက်နာသည့် သဘောပင် ဖြစ်သည်။

သို့သော် 'မခွဲနိုင် မခွာရက်' ဖြစ်နေကြဟန်တူသော အတွဲများကို ဟိုနေရာ သည်နေရာများတွင် တစ်တွဲစ၊ နှစ်တွဲစ တွေ့နေရသေးသည်။ ဒုဗိုလ်ကလေး ဖရက်ဂရက်သည် သူနှင့် တွဲလာသော အီဗိုလင်ကို လက်ထပ်ရန် ခွင့်ပန်လိုက်ရာ အီဗိုလင်ကလည်း ရှောရှောရှူရှူပင် လက်ခံသဘောတူခဲ့သည်။ ဝက်စ်ဗာဂျီးနီးယား သင်္ဘောမှ ဒုဗိုလ် ဝီလျံဟယ်လာမှာမူ ယနေ့ညအဖို့ 'ချစ်ကံခေသူ'ဟု ဆိုရမည် ဖြစ်သည်။ သို့ရာတွင် မ,သဘာဝ ဆိုသည်မှာ အပြောင်းအလဲ မြန်တတ်သည်ဖြစ်ရာ သူ့အချစ်ကို ယနေ့ လက်မခံသော်လည်း နက်ဖြန်ဆိုလျှင် လက်ခံကောင်းပါရဲ့ဟု အောက်မေ့ရသည်။

ဒုဗိုလ်ကလေး ဘာနေးသည် သူနာပြုဆရာမကလေး မော်နီကာအား သူမ နေထိုင်ရာ ဟစ်ကမ်လေတပ်စခန်းသို့ ကားဖြင့် လိုက်ပို့သည်။ တစ်ယောက်နှင့် တစ်ယောက် ခွဲခါနီးတွင် နက်ဖြန်တနင်္ဂနွေ အားလပ်ရက်အတွက် အချိန်းအချက်များ ပြုလုပ်ကြသည်။ နက်ဖြန်ကျလျှင် နေ့လယ်စာ အတူ စားမည်၊ ရေအတူ ကူးမည်၊ ရုပ်ရှင်အတူ ကြည့်မည်၊ ပြီးလျှင် ဝက်နံကင် အတူသွားစားကြမည်။

သူတို့လိုပင် စေ့စပ်ထားပြီးဖြစ်ကြသော ဒုဗိုလ် မဲလ်ကွမ်နှင့် မာရီယန်တို့ စုံတွဲသည်လည်း ထိုအချိန်တွင် ဟိုနိုလူလူမြို့၏နောက်ဘက်ရှိ တောင်ကုန်းမြင့်ပေါ်သို့ ရောက်နေကြသည်။ ထုံးစံအတိုင်း မာရီယန်အား မဲလ်ကွမ်က လိုက်ပို့ခြင်း ဖြစ်သည်။ မခွဲခွာမီ နက်ဖြန် နေ့ ၁ နာရီတွင် ဂေါက်ကွင်း၌ဆုံကြရန် ချိန်းကြသည်။

အချိန်မှာ သန်းခေါင်ကျော်၍ ည နာရီပြန် နှစ်ချက်တီးနေပြီ ဖြစ်သည်။

mgyoe.com

ဒုဗိုလ် မဲလ်ကွမ်သည် ကားကို ပုလဲဆိပ်ကမ်းဘက်ဆီသို့ ပြန်လှည့် မောင်းခဲ့သည်။ သို့သော်လည်း လမ်းခုလတ်ရောက်တော့မှ နက်ဖြန် နေ့လယ်စာကို ချစ်သူ မာရီယန်နှင့်အတူ စားရန် ချိန်းခဲ့ပြီဖြစ်ရာ သူ့သင်္ဘော အရီဇိုးနား ပေါ်သို့ ပြန်ရန်မလိုတော့ကြောင်း သတိရသည်။ သို့ဖြင့် သူသည် ပုလဲဆိပ်ကမ်းသို့ မသွားတော့ဘဲ ဗိုလ်မှူးကြီး အီမာဆင်၏ အိမ်ဘက်သို့ လှည့်မောင်းခဲ့သည်။

ဗိုလ်မှူးကြီး အီမာဆင်မှာ အရီဇိုးနား သင်္ဘောမှ သွားဘက်ဆိုင်ရာ ဆရာဝန်ကြီး ဖြစ်သည်။ ထို့ပြင် သူကိုယ်တိုင်က လူပျိုကြီးဖြစ်သည့် အလျောက် အားလပ်ရက်များတွင် ကုန်းပေါ်တက်လာကြသည့် ရေတပ် အရာရှိငယ်များအတွက် သူ့အိမ်သည် ညအိပ်တည်းခိုစခန်းသဖွယ် ဖြစ်နေခဲ့သည်။

အီမာဆင်၏ အိမ်သို့ မဲလ်ကွမ် ရောက်သွားသည်နှင့် တစ်ပြိုင်နက် အိမ်ရှင်နှင့်တကွ သူ့အရင် ရောက်နေနှင့်ကြသော ရေတပ်အရာရှိ သုံးယောက်တို့က ဝမ်းသာအားရ ဆီးကြိုကြသည်။ အပေါင်းအသင်း ရောင်းရင်းများနှင့် တွေ့နေသည့်အလျောက် မဲလ်ကွမ်သည် သူတို့နှင့်အတူရော၍ ဟိုအကြောင်း၊ သည်အကြောင်း စကားကောင်းနေမိသည်မှာ နံနက် ၃ နာရီ အထိပင် ဖြစ်သည်။

ထိုအချိန်အထိ အပျော်ကျူး၍ အလည်လွန်နေကြသူများမှာ 'ဘုံမပျောက်'နေကြပြီ ဖြစ်သည်။ ရေဒီယိုဆက်သွယ်ရေးတပ်သား ဖရက် ဂလေဆာမှာ အိပ်စရာ ရှာမရနိုင်တော့သည့်အဆုံး စိတ်နှလုံးတုံးတုံးချကာ သည်ည အဖို့ သူ့ကားထဲမှာပင် ကျဉ်းကျဉ်းကျပ်ကျပ်ဖြင့် ဝင်အိပ်လိုက်ရတော့သည်။ ဝိုးလား လေယာဉ်ကွင်းမှ လေယာဉ်မောင်းတစ်ဦးဖြစ်သူ ဗိုလ်ကလေး ကာမစ်တိုင်လာမှာလည်း အလည်လွန်၍ အပြန်ခက်နေသည်။ သို့သော် သူ့အတွက် အိပ်ချိန်လည်း မရှိတော့။ အဘယ်ကြောင့်ဆိုသော် သူသည် ဖို့ရှက်ဖ်တာ စခန်းမှ ကြီးမဲ့ကြေးနန်းသတင်းများ ကြားဖြတ်ဖမ်းယူသည့် ဌာနအသစ် တစ်ခု၌ နံနက် ၄ နာရီမှ နံနက် ၈ နာရီအဆိုင်းတွင် အလုပ်ဝင်ရန်ရှိ နေသောကြောင့် ဖြစ်သည်။ သို့ဖြင့် သူသည် အဆိုပါ တာဝန်ကျသည့်နေရာ

mgyoe.com

mgyoe.com


မြို့ထဲဘက်ဆီသို့ တစ်ဆက်တည်း ထွက်လာခဲ့သည်။

ထိုသို့ ထွက်လာရင်း လမ်းခုလတ်တွင် ဗိုလ်ကလေး ကာမစ်တိုင်လာသည် သူ့ကားထဲမှ ရေဒီယိုကို အမှတ်မထင်ဖွင့်၍ ကေဂျီအမ်ဘီ အသံလွှင့်ဌာနမှ အသံလွှင့်နေသော ဟာဝေယံ ဓာတ်ပြားသီချင်းများကို နားထောင်လာခဲ့မိသည်။

ထိုအချိန်နှင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ဤပုလဲဆိပ်ကမ်း၏ မြောက်စူးစူးမှ မိုင်ပေါင်း ၂၃၀ ဝေးကွာသည့်နေရာ တစ်နေရာတွင် ဗိုလ်ကလေး ကာမစ်တိုင်လာကဲ့သို့ပင် ကေဂျီအမ်ဘီ အသံလွှင့်ဌာနမှ ဟာဝေယံသီချင်းများကို ထပ်တူတပ်မျှ နားထောင်နေသူတစ်ဦး ရှိနေသည်။ ထိုသူမှာ တခြားမဟုတ်၊ ဤပုလဲဆိပ်ကမ်းကို အလစ်တွင် ဝင်ရောက် တိုက်ခိုက်ရန် လျှို့ဝှက်စွာ ချီတက်လာနေသော လေယာဉ်တင် ဂျပန်စစ်သင်္ဘောကြီး အကာဂီ ပေါ်မှ ရေကြောင်းအရာရှိ ဒုဗိုလ်မှူးကြီး ကန်ဂျီရို အိုနီပင်ဖြစ်သတည်း။

ကန်ဂျီရို အိုနီသည် ဂျပန်ရေကြောင်း ဗိုလ်ချုပ်ကြီး နာဂူမို၏ လက်အောက်မှ ဆက်သွယ်ရေးအရာရှိ ဖြစ်သည်။ ယနေ့ညအဖို့ရာ၌ ဗိုလ်ချုပ်ကြီး နာဂူမိုသည် ဧရာမ ဂျပန်ရေတပ်ကြီးကို ဦးဆောင်ကွပ်ကဲ၍ ချီတက်လာနေသည်။ လေယာဉ်တင် သင်္ဘောကြီး ၆ စင်း၊ စစ်သင်္ဘောကြီး ၂ စင်း၊ ရိုးရိုးစစ်သင်္ဘော ၃ စင်းနှင့် ဖျက်သင်္ဘော ၉ စင်းတိတိ ပါဝင်သော ဤဂျပန်ရေတပ်ကြီးသည် ည၏ အမှောင်ထုအောက်တွင် တောင်အရပ်ဆီသို့ ဦးတည်ကာ လျှို့ဝှက်စွာ ခုတ်မောင်းလာနေကြသည်။ ဗိုလ်ချုပ်ကြီး နာဂူမို၏ အဓိက ဦးတည်ချက်မှာ ပုလဲဆိပ်ကမ်းမှ အမေရိကန် ရေတပ်ကြီးကို လုံးဝချေမှုန်းရန်ပင် ဖြစ်၍ ဤစစ်ဆင်ရေးတစ်ခုလုံးတွင် အရာရာမှာ ရန်သူအား အလစ်ဝင်ရောက် တိုက်ခိုက်နိုင်မှုအပေါ်တွင် လုံးဝတည်နေသည်။

ဗိုလ်ချုပ်ကြီး နာဂူမိုသည် စိတ်အေးသွားသည့် အမူအရာဖြင့် ကုလားထိုင်နောက်မှီကို အားရပါးရ မှီချလိုက်သည်။ အခြေအနေ အလားအလာကောင်းနေသည့် သဘောပင် ဖြစ်သည်။ ဤအတိုင်းဆိုလျှင် အချိန်

mgyoe.com

mgyoe.com

ဖြုန်းမနေဘဲ ဤကြီးမားခက်ခဲလှသည့် လုပ်ငန်းတာဝန်ကြီးကို 'အချိန်ရှိ ခိုက် လုံ့လစိုက်' ၍ 'တက်သုတ်ရိုက်'ရန်သာ ရှိတော့သည်။

မှန်သည်။ အစစအရာရာ အခွင့်သာ၍ အခါသင့်နေပုံရသည်။ အကယ်၍သာ အမေရိကန်တို့သည် တစ်စုံတစ်ရာ သံသယရှိ၍ တစ်စွန်း တစ်စ ရိပ်မိနေမည်ဆိုပါက ဤရေဒီယို အသံလွှင့်ချက်တွင် တစ်နည်း နည်းဖြင့် ဖော်ပြရမည် ဖြစ်သည်။ ယခုသော်မူ ကေဂျီအမ်ဘီ အသံလွှင့်ဌာနမှ တစ်စုံတစ်ရာ ထူးခြားခြင်း မရှိ၊ ဘာတစ်ခုမှ အရိပ်အယောင် မပြ၊ ဟာဝေယံ ကျွန်း၏ ငြိမ့်ညောင်းသာယာသည့် ဟာဝေယံ တေးသီချင်းများကိုသာ ကြား နေရသည်။

ဤရေဒီယိုမှ ကြားနေရသော ငြိမ့်ညောင်းသာယာလှသည့် ဟာဝေယံတေးသီချင်းများသည်ပ င်လျှင် တစ်စုံတစ်ခုသော အဓိပ္ပာယ်ကို ဆောင်နေသည်။ ယင်းအဓိပ္ပာယ်မှာ တခြားမဟုတ်၊ ပုလဲဆိပ်ကမ်း၌ "လုံးဝ အန္တရာယ် မရှိ"ဟူသော အဓိပ္ပာယ်ပင်တည်း။

❑

mgyoe.com

mgyoe.com

# ရှာမတွေ့သော ရေငုပ်သင်္ဘောတစ်စင်း
# (နံနက် ၃ နာရီ မိနစ် ၃၀ မှ ၆ နာရီ မိနစ် ၄၀)

နံနက် ၃ နာရီ ၄၂ မိနစ်တွင် ရေမြှုပ်ဖုံးရှာဖွေသည့် သင်္ဘောကလေး ကွန်ဒိုသည် ထုံးစံအတိုင်း ပုလဲဆိပ်ကမ်းနှင့် မလှမ်းမကမ်း ရေပြင်တစ်ဝိုက်တွင် တာဝန်အရ လှည့်လည်ခုတ်မောင်းလျက် ရှိသည်။

ထိုအခိုက် အစောင့်တာဝန်ကျနေသော ဒုဗိုလ် မက္ကလွိုင်သည် ရေပြင်ပေါ်တွင် ထူးဆန်းသည့် ဖြူဖြူဖွေးဖွေး လှိုင်းကလေးတစ်ခုကို လှမ်းမြင်ရသည်။ အဆိုပါ လှိုင်းဖြူကလေးမှာ ကိုက် ၁၀၀ ခန့် အကွာအဝေးတွင် ရှိနေ၍ မိမိတို့ ကွန်ဒိုသင်္ဘောကလေးနှင့် အပြိုင်ရွေ့လျားနေပြီး ဆိပ်ကမ်းအဝင် ဂိတ်ဝဆီသို့ ဦးတည်နေသည်ကို တွေ့ရသည်။

သို့ဖြင့် အရာခံဗိုလ် မက္ကလွိုင်သည် ရေကြောင်းပြ တာဝန်ခံအတ္တရစ်အား ထိုလှိုင်းဖြူကလေးကို လက်ညှိုးထိုးပြလိုက်သည်။ ပြီးနောက် သူတို့နှစ်ယောက်သည် မက္ကလွိုင်၏ မှန်ပြောင်းဖြင့် တစ်ယောက်တစ်လှည့်စီ လှမ်းကြည့်ကြသည်။ နောက်ဆုံး၌ သူတို့နှစ်ယောက်စလုံးက ဤလှိုင်းဖြူကလေးမှာ ရေအောက်တွင် ငုပ်၍ ခုတ်မောင်းနေသော ရေငုပ်သင်္ဘောတစ်စင်းမှ ရေပေါ်သို့ လှမ်းကြည့်သည့် မှန်ပြောင်းတစ်ခု ဖြစ်ရမည်ဟု အခိုင်အမာ ကောက်ချက်ချလိုက်ကြသည်။ ရေအောက်မှ ရေငုပ်သင်္ဘော သွားရာလမ်း

mgyoe.com

mgyoe.com

ကြောင်းအတိုင်း ရေပေါ်တွင် ရွေ့လျားနေရာမှ မသိမသာ လှိုင်းတွန့်ကလေးများ အမျှင်တန်း၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

တဖြည်းဖြည်းနှင့် အဆိုပါရွေ့လျားနေသော လှိုင်းဖြူကလေးသည် ကွန်ဒိုသင်္ဘောနှင့် ကိုက် ၅၀ ခန့်အကွာသို့ ရောက်လာသည်။ ထိုနေရာမှ ဆိပ်ကမ်းဂိတ်ဝရှိ အချက်ပြဖော်ယာများနှင့် ဆိုလျှင် ကိုက် ၁၀၀၀ ခန့် အကွာအဝေးရှိသည်။ ထိုအခိုက်အတန့်မှာပင် မိမိတို့သင်္ဘောကို မြင်လိုက်သည့် လက္ခဏာဖြင့် အဆိုပါ လှိုင်းဖြူတန်းကလေးသည် ဖြုန်းခနဲ သိသိသာသာကြီး လမ်းပြောင်းသွားပြီး ဆန့်ကျင်ဘက်အရပ်သို့ လှည့်သွားသည်ကို တွေ့လိုက်ကြရသည်။

ချက်ချင်းပင် ကွန်ဒိုသင်္ဘောမှ အချက်ပြမီးများ တဖျပ်ဖျပ်လင်းလာပြီး မလှမ်းမကမ်းရှိ ကင်းလှည့်တာဝန်ကျနေသည့် ဖျက်သင်္ဘော ဝါ့ဒ်ထံသို့ သတင်းလှမ်း ပို့လိုက်သည်။

**"အနောက်ဘက်ဆီသို့ဦးတည်နေသော ရေငုပ်သင်္ဘောတစ်စင်းကို ရေအောက်တွင် တွေ့ရသည်။ တစ်နာရီ ၉ မိုင်နှုန်း ရှိသည်"။**

ဤသတင်းကို 'ဝါ့ဒ်' သင်္ဘောမှ ဗိုလ်ကြီးအိုစကာက လက်ခံရရှိခဲ့သည်။ အိုစကာသည် ဤသင်္ဘောတွင် ဤသို့သော ကင်းစောင့်တာဝန်ကို ဆောင်ရွက်လာခဲ့သည်မှာ တစ်နှစ်ကျော်မျှ ကြာခဲ့ပြီဖြစ်သည်။ သို့သော် ယခုကဲ့သို့ 'ရေငုပ်သင်္ဘောတစ်စင်း တွေ့ရသည်" ဟူသော သတင်းပေးချက်မျိုးကို ရရှိဖူးသည်မှာ ယနေ့ည ယခုအကြိမ်သည် ပထမဆုံး အကြိမ်ပင် ဖြစ်သည်။

သို့ဖြစ်ရာ သူသည် ဤသင်္ဘော၏ တာဝန်အကြီးဆုံးအရာရှိ ဗိုလ်ကြီး ဝီလျံအောက်တားဘရစ်အား အိပ်ရာမှ နှိုး၍ သတင်းပို့လိုက်သည်။

အောက်တားဘရစ်အတွက်လည်း ဤသတိပေးချက်မှာ ထူးခြားလှသည်ဟု ဆိုရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဤ

mgyoe.com

mgyoe.com


သင်္ဘောတွင် တာဝန်ခံအရာရှိအဖြစ် ပထမဆုံးအကြိမ် လိုက်ပါလာခဲ့ရခြင်း ဖြစ်၍ ပထမဆုံးညအဖြစ် ပထမဆုံး ကင်းလှည့်ထွက်လာခဲ့ရသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ သူသည် ကွန်ဒိုသင်္ဘောမှ သတိပေးချက်ကို ကြားရလျှင် ကြားရချင်း အရေးပေါ်ခေါင်းလောင်းဖြင့် တပ်လှန့်၍ အချက်ပေးလိုက်သည်။ ချက်ချင်းပင် သင်္ဘောပေါ်ရှိ အရာရှိကြီး၊ ငယ်များနှင့်တကွ သင်္ဘောသား အားလုံးဖြုန်းခနဲ တစ်ယောက်မကျန် အပြေးအလွှား နေရာယူကြခြင်းဖြင့် သင်္ဘောတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားခဲ့သည်။

အောက်တားဘရစ်သည် နောက်ထပ် နာရီဝက်ခန့်ကြာသည်အထိ ထိုနေရာတစ်ဝိုက်တွင် လှည့်လည်ခုတ်မောင်းကာ 'ရန်သူ'ကို ရှာကြည့်သည်။ ရေပေါ်တွင် လည်းကောင်း၊ ရေအောက်တွင် လည်းကောင်း နည်းအမျိုးမျိုးဖြင့် အစွမ်းကုန် ကြိုးစားရှာဖွေသော်လည်း ရေငုပ်သင်္ဘောနှင့် ပတ်သက်သည့် အစအန အရိပ်အယောင်ဟူ၍ ဘာတစ်ခုမှ ရှာမတွေ့အောင် ဖြစ်ခဲ့ကြသည်။ ကံမကောင်း အကြောင်းမလှ ဖြစ်ရဟန်တူသည်။

သို့ဖြင့် နံနက် ၄ နာရီ ၄၃ မိနစ်တိတိတွင် သင်္ဘောသားများအား 'တပ်လှန့်' ထားခြင်းမှ ပြန်၍ ရုပ်သိမ်းလိုက်သည်။ ဤတွင် အတော်များများက ကိုယ့်အိပ်ရာထဲ ကိုယ်ပြန်ဝင်၍ ပြန်အိပ်ကြသည်။ သည့်နောက် မူလ တာဝန်အရ ကင်းလှည့်တာဝန်ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

နောက် လေးမိနစ်ခန့် ကြာပြီးနောက် ဆိပ်ကမ်း အဝင်ဂိတ်ဝတွင် ရေအောက်၌ ဖြန့်၍ ပိတ်ဆို့ ကာဆီးထားသော တိုပီဒိုကာကွယ်သည့် ပိုက်ကွန်ကြီးကို စ၍ ဖွင့်ပေးလိုက်သည်။ ထိုသို့ရေအောက်မှ ပိုက်ကွန်ကြီးကို ဖွင့်ရာတွင် အမြဲတမ်း ရှစ်မိနစ်မှ ဆယ်မိနစ်အထိ ကြာတတ်သည်။ သို့သော် ၄ နာရီ ၅၈ မိနစ်အထိ ဂိတ်ဖွင့်၍ မပြီးနိုင်ဘဲ ဖြစ်နေရာ သင်္ဘောသား တစ်ယောက်က " ဂိတ်ဝကို ဖွင့်ပါ– အဖြူရောင်မီး ပြပါ" ဟူ၍ အချက်ပေးရသည်အထိ ဖြစ်ခဲ့ရသည်။

၅ နာရီ ၈ မိနစ်တိတိတွင် ကွန်ဒိုသင်္ဘောနှင့်အတူ တွဲ၍ တာဝန်ကျနေသော ရေမြှုပ်ဖိုးရှင်းသင်္ဘော ခရော့စ်ဘီလ် သည် ဆိပ်ကမ်းအတွင်း

mgyoe.com

mgyoe.com

သို့ ဝင်လာသည်။ ခါတိုင်းဆိုလျှင် ဂိတ်ကို ပြန်ပိတ်ရမည် ဖြစ်သည်။ သို့သော် မကြာမီ ကွန်ဒိုသင်္ဘော ဝင်လာဦးမည်ဖြစ်သဖြင့် ဂိတ်ကို ပြန်မပိတ်ဘဲ ဖွင့်မြဲဖွင့်ထားသည်။ ဤမျှလောက်အတွက် ဒုက္ခရောက်စရာမရှိဟု ယူဆဟန် တူသည်။

သို့ဖြင့် နံနက် ၅ နာရီ ၃၂ မိနစ်တွင် ကွန်ဒိုသင်္ဘော ရှောရှောရှူရှူ ဝင်လာသည်။ သို့သော် ကွန်ဒိုသင်္ဘော ဝင်သွားပြီးသည်အထိ ဂိတ်ဝကို ပြန်မပိတ်သေးဘဲ ဖွင့်မြဲဖွင့်ထားပြန်သည်။ ဤသည်မှာ ၆ နာရီ ၁၅ မိနစ်တွင် ဆွဲသင်္ဘော ကီယိုဆန်ကွာ ထွက်ရန် ရှိနေသောကြောင့်ဟု သိရသည်။ အချိန်အနည်းငယ်အတွင်း ဂိတ်ကို ပြန်ဖွင့်ပေးရမည်ဖြစ်ရာ ဂိတ်ကို ပြန်မပိတ်တော့ဘဲ ခေတ္တခဏမျှ ဖွင့်ထားခြင်းဖြင့် ဒုက္ခရောက်စရာ အကြောင်းမရှိဟု ယူဆပုံရသည်။

ဆိပ်ကမ်းထဲသို့ ကွန်ဒိုသင်္ဘော ပြန်ဝင်သွားပြီး တာဝန်မှ အနားယူတော့မည့်ဆဲဆဲ ဝေါ်ဒ်သင်္ဘောသည် ရေငုပ်သင်္ဘောကို ဆက်လက်ရှာဖွေရာ၌ အထောက်အကူ ရလိုရငြား ရေဒီယိုဝိုင်ယာလက်ဖြင့် ကွန်ဒိုကို လှမ်းမေးလိုက်ပြန်သည်။

"ခင်ဗျားတို့ တွေ့ခဲ့ရတယ်ဆိုတဲ့ ရေငုပ်သင်္ဘောဟာ ခန့်မှန်းခြေ ဘယ်လောက် အကွာအဝေးမှာ တွေ့လိုက်ရတာလဲ၊ ဘယ်ဘက်ကို ဦးတည် မောင်းနေသလဲ ..."

"ဆိပ်ကမ်းအဝင်ဝနဲ့ ကိုက် ၁၀၀၀ လောက်အကွာမှာ အဲဒီအချိန်က ကျွန်တော်တို့ ပွဲကိုင်နေတဲ့ အိမ်မြှောင်လက်တံ ဝ၂၀ လောက်မှာ တွေ့ခဲ့ရပါတယ် ..."

ဤအဖြေမှာ ပထမသတင်းပို့စဉ်က ပြောကြားခဲ့သည့် နေရာနှင့် အတော်ကလေး အလှမ်းကွာ၍ အရှေ့ဘက်သို့ ပိုရောက်နေသည်။ ဤအတိုင်းသာဆိုလျှင် အောက်တားဘရစ်က မိမိနေရာ မှားပြီး ရှာခဲ့ခြင်း ဖြစ်သည်ဟု ယူဆလိုက်သည်။ သို့သော် တကယ့်တကယ်အားဖြင့် ကွန်ဒိုသည် ရှေ့စကား နောက်စကား မညီဘဲ နှစ်မျိုးနှစ်စား ပြောကြားနေခြင်းဖြစ်သည်။ ဝေါ်ဒ်သင်္ဘောသို့ ပထမဦးဆုံး ပေးပို့ခဲ့သည့် သတင်းတွင် ရေငုပ်

mgyoe.com

သင်္ဘော၏ နောက်ဆုံးဦးတည်သွားရာ အရပ်ကို ဖော်ပြခဲ့ခြင်းဖြစ်၍ ယခု ဒုတိယအကြိမ် ပြောကြားချက်မှာ ရေငုပ်သင်္ဘောကို ပထမဆုံးတွေ့ခဲ့စဉ်က ဦးတည်ရာ အရပ်ကို ပြောကြားခဲ့ခြင်း ဖြစ်သည်။ ရေငုပ်သင်္ဘော လုံးဝ လမ်းကြောင်း ပြောင်းသွားသည့် ကိစ္စကိုမူ ကွန်ဒိုဲ က ထည့်မပြောဘဲ ချန် ထားခဲ့သည်။

သို့ဖြစ်ရာ ဖျက်သင်္ဘော ဝါ့ဒ် သည် အရှေ့ဘက်ဆီသို့ လှည့်လည် ကာ ရေငုပ်သင်္ဘော လုံးဝမရှိသည့်နေရာတွင် ပိုက်စိပ်တိုက်၍ ရှာနေပြန် သည်။

ထိုသို့ ကွန်ဒိုဲမှ လှမ်းမြင်လိုက်ရသည်ဆိုသော ရေငုပ်သင်္ဘောကို ဝါ့ဒ်က လုံးဝရှာမတွေ့နိုင်အောင် ဖြစ်နေသော်လည်း ပုလဲဆိပ်ကမ်းမှ အမေရိ ကန် ရေတပ်စခန်းကြီးအတွက် အန္တရာယ်မှာ အမှန်တကယ်ပင် ရှိနေပြီဖြစ် သည်။ အဘယ်ကြောင့်ဆိုသော် တစ်စင်း၊ နှစ်စင်းမျှပင်မကဘဲ ၂၈ စင်းမျှ သော ဂျပန်ရေငုပ်သင်္ဘောများသည် ပုလဲဆိပ်ကမ်း တည်ရှိရာ အိုအာဟူ ကျွန်း၏ အပြင်ဘက် ပင်လယ်ပြင်တစ်ဝိုက်သို့ လျှို့ဝှက်စွာ ရောက်ရှိနေကြ ပြီ ဖြစ်သောကြောင့်တည်း။

ပုလဲဆိပ်ကမ်းမှ အမေရိကန် ရေတပ်စခန်းကြီးကို ချေမှုန်းရန် အတွက် အထူးတိုက်ခိုက်ရေးတာဝန် ပေးအပ်ခြင်းခံခဲ့ကြရသော အဆိုပါ ဂျပန်ရေငုပ်သင်္ဘော တပ်ဖွဲ့ကြီးသည် ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်ကျော် ၍ လျှို့ဝှက်စွာ ခုတ်မောင်းလာခဲ့ကြရာ မူလသတ်မှတ်ထားသည့်အတိုင်း ဒီဇင်ဘာ ၆ ရက် ယမန်နေ့ကပင် ပုလဲဆိပ်ကမ်းနှင့် ဆယ်မိုင်ကွာ ပင်လယ် ရေပြင်သို့ ချောမောစွာ ရောက်ရှိနေခဲ့ကြပြီး ဖြစ်သည်။

ရေငုပ်သင်္ဘော အိုင် ၂၄ မှ အရာရှိ ဟာရှိမိုတိုသည် မိမိ၏ရေငုပ် သင်္ဘောကို ရေပေါ်သို့ ဖြည်းညင်းစွာ ဖော်လိုက်ပြီးမှ အပြင်သို့ထွက်၍ ပုလဲ ဆိပ်ကမ်းကို လှမ်းမျှော်ကြည့်လိုက်သည်။ ထိန်ထိန်ညီးနေသော ဝါစိမ်းနီ ရောင်စုံ မီးလုံးများ၊ ဝင်းလက်တောက်ပနေသော ဟိုနိုလူလူမြို့တော် ၏ ညအလှ ရှုခင်းသာများ၊ ကောင်းကင်သို့ ထိုးထွက်နေသည့် ရှိုင်ရယ် ဟာဝေယံ ဟိုတယ်ကြီး၏ အမြွာညီနောင် မျှော်စင်ကြီးများ ... စသည်တို့

mgyoe.com

မှာ လရောင်အောက်တွင် သာမန်လူတစ်ယောက်အဖို့ ကြည့်မဝ ရှုမငြီး အောင် ရှိနေမည် ဖြစ်သည်။ သို့သော် ဟာရှိမိုတိုအဖို့ရာ၌ ည၏အလှအပ များကို စိတ်အာရုံတွင် ခံမင်တပ်မက် မနေအားဘဲ 'အမိန့်နှင့် တာဝန်' ကိုသာ စိတ်စောနေမိသည်။

မည်သို့ပင်ဖြစ်စေ ... ယနေ့ ဒီဇင်ဘာ ၇ ရက်နေ့ နံနက်ဝေလီ ဝေလင်းအချိန်တွင် ကွန်ဒိုသင်္ဘောမှ ရုတ်တရက် မြင်တွေ့လိုက်ရသည်ဆို သော ရေငုပ်သင်္ဘောမှာ ဒုဗိုလ် ဆာကာမာကီ မောင်းနှင်လာသည့် ရေငုပ် သင်္ဘော မဟုတ်သည်မှာ သေချာသည်။ သူ့ရေငုပ်သင်္ဘောမှာ သတ်မှတ် ထားသည့် အချိန်ထက် နှစ်နာရီ နောက်ကျပြီး နံနက် ၅ နာရီ မိနစ် ၃၀ အထိ မထွက်ခွာရသေးဘဲ ဖြစ်နေသည်။ ဤသည်မှာလည်း အခြားကြောင့် မဟုတ်၊ ယမန်နေ့ညက ရုတ်တရက် မမျှော်လင့်ဘဲ အချက်ပြကိရိယာတစ်ခု ပျက် သွားသည်ကို တစ်ညလုံး ပြင်နေရသောကြောင့် ဖြစ်သည်။

ရေငုပ်သင်္ဘော အိုင် ၂၄ မှ တာဝန်ခံအရာရှိ ဗိုလ်မှူး ဟီရိုရှီက ပျက်သွားသော အချက်ပြ ကိရိယာကြောင့် မူလအစီအစဉ်များ ပြင်ဆင် သတ်မှတ်ရန် လိုမလို မေးမြန်းရာ သင်္ဘောမောင်းသူ ဒုဗိုလ် ဆာကာမာကီ က "ဗိုလ်မှူး၊ ဒီကိစ္စ ကျွန်တော့်တာဝန်ထားလိုက်စမ်းပါ..." ဟူ၍ ဝင့်ကြွား စွာ ပြောလိုက်သည်။ သူပြောသည့်အတိုင်း အားလုံး ချောချောမောမော ဖြစ်သွားပြီးနောက် သူတို့နှစ်ယောက်စလုံးက "ပုလဲဆိပ်ကမ်းကို သွားကြစို့ ဟေ့..."ဟူ၍ သံပြိုင်ဟစ်အော် ကြွေးကြော်လိုက်ကြသည်။

ဒုဗိုလ် ဆာကာမာကီနှင့် သင်္ဘောသား အီနာဂါကီတို့ ရေငုပ် သင်္ဘော အိုင် ၂၄ ပေါ်မှ သင်္ဘောထဲသို့ ပြန်ဝင်လာကြသည့် အချိန်တွင် အရှေ့ဘက်မှ ရောင်နီလာ၍ အရုဏ်တက်စပြုနေပြီ ဖြစ်သည်။ သင်္ဘော ဝမ်းခေါင်းထဲသို့ မဆင်းမီ သူတို့နှစ်ယောက်သည် အားရပါးရ အကြိမ်ကြိမ် လက်ဆွဲ နှုတ်ဆက်ကြသေးသည်။ ထိုသို့ ညာဘက်လက်များဖြင့် လက်ဆွဲ နှုတ်ဆက်ကြရင်း သူတို့၏ ဘယ်ဘက်လက်များတွင် ဝိုင်ပုလင်းနှင့် စားစရာ မုန့်များ ကိုင်ထားကြသည်။ ဆာကာမာကီ၏ သူငယ်ချင်း ရေငုပ်သင်္ဘော အိုင် ၂၀ မှ ဒုဗိုလ် ဟီရိုမိုကဆိုလျှင် သူတို့ရေငုပ်သင်္ဘော တပ်ဖွဲ့ကြီး

mgyoe.com

m gyoe.com


ပုလဲဆိပ်ကမ်းသို့ ဝင်ရောက်ကြတော့မည့်ဆဲဆဲ ထိုသို့ ဝမ်းသာအားရ ရှိနေကြပုံများကို ကြည့်ကာ သူ့သင်္ဘောထဲသို့ မဆင်းမီ "ကျွန်တော်တို့ကို ကြည့်ရတာ ပျော်ပွဲစားထွက်လာတဲ့ ကျောင်းသားတွေနဲ့ အတော်တူမှာပဲ" ဟူ၍ ပြောသွားခဲ့သေးသည်။

ဆိုင် ၂၄ သည် ဖြည်းညင်းစွာ ရေအောက်သို့ ငုပ်ဆင်းခဲ့သည်။ သင်္ဘောသားများမှာ သူ့နေရာနှင့်သူ အားလုံး အသင့်အနေအထားဖြင့် ရှိနေကြပြီး သင်္ဘော ထွက်ခွာရန် အချက်ပေး ခေါင်းလောင်းသံကို ငြိမ်သက်စွာ နားစွင့်နေကြသည်။

ဆာကာမာကီနှင့် အီနာဂါကီတို့ နှစ်ယောက်လည်း အသင့်စောင့်နေကြသည်။ သူတို့ ရှေ့တည့်တည့်မှ လျှပ်စစ်မော်တာမှာ ဆူညံသော အသံဖြင့် အရှိန်ပြင်းစွာ လည်ပတ်နေပြီဖြစ်သည်။ စက်သံနှင့်အတူ ရေငုပ်သင်္ဘောကြီးသည် အရှိန်ဖြင့် ထွက်ခွာရန် အားယူနေသည်ကို သူတို့ သတိထားမိကြသည်။

ထိုအခိုက် ရုတ်တရက် ကြောက်မက်ဖွယ်ရာ ဝုန်းခနဲ အသံကြီးနှင့်အတူ ဂီယာကျွတ်ထွက်သွားသည်ကို တွေ့လိုက်ကြရသည်။ ချက်ချင်းဆိုသလိုပင် အားလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားကြပြီး လူများမှာလည်း မဟန်နိုင်ဘဲ လဲကုန်ကြသည်။ ဆာကာမာကီသည် စက်ရပ်သည့် ခလုတ်ကို လှမ်းဆွဲလိုက်သည်။

× × ×

ဆွဲသင်္ဘော **ကီယိုဆန်ကွာ** သည် ပုလဲဆိပ်ကမ်းမှ ကျဉ်းမြောင်းလှသည့် တူးမြောင်းလမ်းကြောင်းအတိုင်း ဖြည်းညင်းစွာ ခုတ်မောင်းလာခဲ့ပြီး တိုပီဒိုကာကွယ်ရေး ပိုက်ကွန်ကြီး ဖွင့်ထားသည့် ဂိတ်ဝမှအပြင်သို့ ထွက်လာခဲ့သည်။ ဤပိုက်ကွန်ကြီးကို ဖွင့်ထားခဲ့သည်မှာ အချိန်အတော်ကြာနေပြီ ဖြစ်သည်။ ယခုအတိုင်းဆိုလျှင် **ကီယိုဆန်ကွာ** သင်္ဘောပြန်ဝင်လာသည့် အချိန်အထိ ဖွင့်ထားတော့မည်ဖြစ်သည်။

mgyoe.com

အချိန်မှာ နံနက် ၆ နာရီ မိနစ် ၃၀ ရှိနေပြီ ဖြစ်သည်။

ကီယိုဆန်ကွာ၏ နောက်မှ ကိုက် ၁၀၀ ခန့်အကွာတွင် ရိက္ခာတင်သင်္ဘော အင်တဲရီးစ် ကို လှမ်းမြင်နေရသည်။

ထိုအချိန်တွင် ဖျက်သင်္ဘော ဝါ့ဒ်မှာ ထိုနေရာမှ တစ်မိုင်ခန့် အကွာအဝေးသို့ ရောက်နေသည်။ လေတပ်မှ ကင်းထောက်ဗုံးကြဲလေယာဉ်တစ်စင်းသည် ကောင်းကင်တွင် ပျံသန်းလျက် ရှိနေသည်။

ဝါ့ဒ် သင်္ဘောမှ ပဲ့ကိုင်သင်္ဘောသား ရာယန်းဘစ်သည် တစ်စုံတစ်ခုကို ကြည့်နေမိသည်။ အနောက်တောင်ဘက်မှ ခုတ်မောင်းလာသော ရိက္ခာသင်္ဘော အင်တဲရီးစ် သည် မိမိတို့သင်္ဘောဦးမှ ဖြတ်ကျော်သွားခိုက် ရာယန်းဘစ်သည် ထူးဆန်းသည့် အရာဝတ္ထုတစ်ခုကို လှမ်းမြင်လိုက်မိသည်။

အင်တဲရီးစ် သင်္ဘော၏ နောက်တွင် တွဲသမ္ဗန်ကလေးတစ်ခု ပါလာရာ ထိုသမ္ဗန်မှ ကြိုးတွင်ချည်ထားဟန်တူသော မည်းမည်းသဏ္ဌာန် အရာဝတ္ထုတစ်ခုကို လှမ်းမြင်နေရသည်။ ရာယန်းဘစ်သည် ပို၍ သေချာစေရန် ရေကြောင်းပြအရာရှိ ဂီယာရင်အား မှန်ပြောင်းဖြင့် ကြည့်ပေးရန် လှမ်းပြောလိုက်သည်။

မှန်ပြောင်းမှတစ်ဆင့် ဂီယာရင် မြင်ရသလောက်ဆိုလျှင် အဆိုပါမည်းမည်းအရာဝတ္ထုမှာ အင်တဲရီးစ် သင်္ဘော နှင့် သူ့နောက်မှ သမ္ဗန်ကလေးကို တွဲထားသည့် ကြိုးတွင် ချည်ထားခြင်းမဟုတ်ဘဲ ထိုကြိုးနှင့်အတူ ရင်ပေါင်တန်း၍ ရွေ့လျားနေခြင်း ဖြစ်ကြောင်း တွေ့မြင်ရသည်။ အမှန်စင်စစ်အားဖြင့်လည်း ထိုအရာဝတ္ထုမှာ အင်တဲရီးစ်သင်္ဘော ၏ ဘေးဘက် တော်တော်ကလေး အလှမ်းဝေးသည့် နေရာတွင် ရှိနေသည်။ သို့ဖြင့် ဂီယာရင်သည် သင်္ဘောအရာရှိ ဂိုးပနားအားခေါ်၍ ပြကြည့်ပြန်ရာ ဂိုးပနားက အန္တရာယ် အချက်ပြ သတိပေးသည့် အရာဝတ္ထုတစ်ခုခု ဖြစ်ဟန်တူကြောင်း ပြောကြားကာ စောင့်ကြည့်ရန် မှာကြားသွားခဲ့သည်။

ဂီယာရင်ကလည်း ဆက်၍ စောင့်ကြည့်နေခဲ့သည်။ ကြည့်ရင်းကြည့်ရင်း နောက်တစ်မိနစ်ခန့်အကြာတွင် သူ့စိတ်ထဲ၌ ထိုအရာဝတ္ထုကလေး

mgyoe.com

mgyoe.com


သည် ရေငုပ်သင်္ဘောတစ်စင်းမှ ရေပေါ်သို့ လှမ်းကြည့်သည့် မှန်ပြောင်းထိပ် ဖျားကလေးနှင့် တူသည်ဟု ထင်လာမိသည်။ ဤမှန်ပြောင်းထိပ်ဖျားကလေး သည် အင်တဲရိုးစ်သင်္ဘော ခုတ်မောင်းလာသည့် လမ်းကြောင်းအတိုင်း သင်္ဘောနောက်မှ သမ္မန်ကို နောက်ယောင်ခံ၍ လိုက်လာသည့် ပုံသဏ္ဌာန်မျိုး ဖြစ်သည်။ ထိုအခိုက်အတန့်မှာပင် ရေတပ်မှ ကင်းထောက် ဖိုးကြဲလေယာဉ် တစ်စင်းသည် ခေါင်းပေါ်တွင် ပျံဝဲလျက် ရှိနေသည်။ ဂိုးပနားအတွက် ရှေ့ ဆက်၍ စုံစမ်းနေစရာ မလိုတော့။ ရန်သူရေငုပ်သင်္ဘောတစ်စင်း မိမိတို့ ဆိပ်ကမ်းသို့ ဝင်ရောက်နေပြီမှာ သေချာပြီ ဖြစ်သည်။

"ဗိုလ်မှူးကြီး ... ဒီမှာလာကြည့်ပါဦး"

ဂိုးပနားသည် ယခုမှ အထိတ်တလန့် လှမ်းအော်လိုက်မိသည်။ ဝါ့ဒ် သင်္ဘော၏ အရာရှိချုပ် အောက်တားဘာရစ်သည် သူ၏ မြေပုံရုံးခန်း ထဲတွင် ထိုင်နေရာမှ ဖြုန်းခနဲ အပြေးအလွှား ထွက်လာသည်။ ကီမိုနို ဂျပန် အင်္ကျီကြီးကို ကမန်းကတန်း ဆွဲဝတ်လာရင်း သူသည် အခြားသူများနှင့် အတူ ရေပေါ်မှ 'မည်းမည်းအရာဝတ္ထု' ကလေးကို တစ်ချက် လှမ်းကြည့်လိုက် သည်။ ပြီးနောက် ချက်ချင်းပင် အရေးပေါ်အချက်ပေး ခေါင်းလောင်းကို ဆွဲလိုက်သည်။

ရန်သူ ရေငုပ်သင်္ဘောတစ်စင်း မိမိတို့ ပုလဲဆိပ်ကမ်းသို့ တိတ်တ ဆိတ် ဝင်ရောက်နေပြီမှာ သေချာသည်။ ဤအတွက် အားလုံးကို သတိပေး ရန်မှာ မိမိ၏တာဝန်ပင် ဖြစ်သည်။

သို့ဖြင့် ဖျက်သင်္ဘော ဝါ့ဒ်ပေါ်မှ ဗိုလ်ကြီး အောက်တားဘာရစ်က အရေးပေါ် အချက်ပေး ခေါင်းလောင်းကို ဆွဲလိုက်သောအခါ အချိန်မှာ နံနက် ၆ နာရီ မိနစ် ၄၀ တိတိ ရှိနေပြီ ဖြစ်သည်။

❑

mgyoe.com

mgyoe.com

## အမြောက်သံဖြင့် တပ်လှန့်နိုးခဲ့သူ
## (နံနက် ၆ နာရီ မိနစ် ၄၀ မှ ၇ နာရီ)

ဂျပန်ရေကြောင်း ဗိုလ်ချုပ်ကြီး နာဂူမိုသည် ပုလဲဆိပ်ကမ်းကို လေယာဉ်ပေါင်း ၃၅၃ စင်းဖြင့် နှစ်သုတ်ခွဲ၍ ဗုံးကြဲတိုက်ခိုက်ရန် စီစဉ်ထားသည်။

ပထမအသုတ်မှာ နံနက် ၆ နာရီတိတိတွင် ထွက်ခွာ ပျံသန်းကြရမည်ဖြစ်၍ ယင်းအသုတ်တွင် တိုပီဒိုဖြင့် တိုက်ခိုက်မည့်လေယာဉ်အစင်း ၄၀၊ ဒိုင်ဗင်ထိုး၍ ဗုံးကြဲတိုက်ခိုက်မည့် ဗုံးကြဲလေယာဉ် ၅၁ စင်း၊ အမြင့်မှ ပျံသန်း၍ ဗုံးကြဲတိုက်ခိုက်မည့် ဗုံးကြဲလေယာဉ်အကြီးစား ၄၉ စင်းနှင့် ဤလေယာဉ်များကို ကာကွယ်စောင့်ရှောက်မည့် တိုက်လေယာဉ် ၄၃ စင်း ... စသည်ဖြင့် စုစုပေါင်းပေါင်း လေယာဉ် ၁၈၃ စင်းပါဝင်သည်။ ဒုတိယအသုတ်တွင် ဒိုင်ဗင်ထိုး ဗုံးကြဲလေယာဉ်အစင်း ၈၀၊ အမြင့်ပျံ ဗုံးကြဲလေယာဉ် ၅၄ စင်းနှင့် တိုက်လေယာဉ် ၃၆ စင်း စုစုပေါင်း လေယာဉ်အစင်း ၁၇၀ တိတိ ပါဝင်မည် ဖြစ်သည်။ ဤဒုတိယအသုတ်သည် နံနက် ၇ နာရီ ၁၅ မိနစ်တိတိတွင် စတင်ထွက်ခွာ ပျံသန်းကြရမည် ဖြစ်သည်။

အထက်ပါ လေယာဉ် ၃၅၃ စင်းအပြင် အကယ်၍ မမျှော်လင့်ဘဲ အမေရိကန်တို့က မိမိတို့ ရေတပ်ကြီးကို ပြန်လည်တိုက်ခိုက်လာပါက ခုခံတိုက်ခိုက်ရန် တိုက်လေယာဉ် ၃၉ စင်းကိုလည်း အရန်အင်အားအဖြစ်

mgyoe.com

mgyoe.com


ဗိုလ်ချုပ်ကြီး နာဂူမိုက သီးသန့်ထားရှိခဲ့သေးသည်။

ယခုအခါ သင်္ဘောပေါ်တွင် လိုက်ပါလာကြသော တပ်သားအားလုံးတို့မှာ နောက်ဆုံး ပြင်ဆင်မှုများကို ပြုလုပ်နေကြပြီ ဖြစ်သည်။ ကုန်းပတ်သင်္ဘောသားများမှာ လေယာဉ်မှူးများထက် တစ်နာရီစော၍ ထကာသင်္ဘောပေါ်တွင် ပါလာသော လေယာဉ်များကို အသေးစိတ် ဂရုတစိုက် စစ်ဆေးကြရသည်။

ထိုသို့ ကုန်းပတ်ပေါ်တွင် သင်္ဘောသားများ အလုပ်ရှုပ်နေခိုက် သင်္ဘောအောက်ထပ်မှ အခန်းထဲတွင်လည်း လေယာဉ်မှူးများမှာ ကြယ်သီးများ၊ ခါးပတ်များ၊ ကြိုးသိုင်းများဖြင့် ရှုပ်ယှက်ခတ်နေသည့် ယူနီဖောင်းအသစ်ကျပ်ချွတ်များကို ဝတ်ဆင်နေကြသည်။ လေယာဉ်မှူး အတော်များများသည် ဂျပန်သူရဲကောင်း စစ်သည်တော်များ၏ အစဉ်အလာ အသုံးအဆောင် ပစ္စည်းတစ်ခုဖြစ်သော 'ဟာရှာမာကီ' * ခေါ် နဖူးစည်းများ စည်းထားကြသည်ကို တွေ့ရသည်။ တချို့သော လေယာဉ်မှူးများလည်း သင်္ဘောပေါ်တွင် အသင့်တင်ဆောင်လာသော ဂျပန်အမျိုးသားများ ကိုးကွယ်သည့် ရှင်တိုဘုရားကျောင်းဆောင် အသေးစားကလေးများ ရှေ့တွင် သုံးယောက်တစ်တွဲ၊ လေးယောက်တစ်တွဲ ဆုတောင်းဝတ်ပြုလျက် ရှိနေကြသည်။

ပြင်ဆင်မှုများအားလုံး ပြီးသွားကြသောအခါ တိုက်ပွဲနှင့် ပတ်သက်၍ လိုအပ်သည့် နောက်ဆုံး ညွှန်ကြားချက်များကို ကြားနာကြရန် စစ်ဆင်ရေးခန်းမဆောင်ထဲသို့ တစ်ယောက်မကျန် စုရုံးကြသည်။

အာကာဂီ သင်္ဘောပေါ်တွင် ဤလေကြောင်းတိုက်ပွဲ တစ်ခုလုံးကို ဦးစီးရမည့် လေယာဉ်မှူး ဖူချီဒါသည် ဗိုလ်ချုပ်ကြီး နာဂူမိုထံ သတင်းပို့လိုက်သည်။

"တာဝန်ထမ်းရွက်ဖို့ အသင့်ရှိပါပြီ"

---

* **Hashamaki** - ဂျပန်အသေခံတပ်သားများအတွက် အထူးပြုလုပ်ထားသည့် နဖူးစည်းဖြစ်သည်။ နောင်တွင် 'ကာမိကာဇေ'ခေါ် ဂျပန်အသေခံတပ်သားများ၏ အသုံးအဆောင်ပစ္စည်း ဖြစ်လာသည်။

mgyoe.com

mgyoe.com

"မင့်အပေါ်မှာ ငါ အားလုံး ယုံကြည်စိတ်ချပြီးသားပါ"

ဗိုလ်ချုပ်ကြီးသည် ဖူချီဒါ၏ လက်ကို ဆုပ်ကိုင်ရင်း အဖြေပေးလိုက်သည်။

လေယာဉ်မျှား တင်ဆောင်လာသည့် သင်္ဘောကြီးများပေါ်မှ မြင်ကွင်းများမှာ တစ်စင်းနှင့် တစ်စင်း ကွဲပြားခြားနားမှု မရှိဘဲ ဆင်တူယိုးမှားပင် ဖြစ်ကြသည်။ စစ်ဆင်ရေးခန်းမဆောင်အတွင်းမှ မီးရောင်များမှာ မှုန်မှုန်မွှားမွှား ရှိနေကြသည်။ လေယာဉ်မှူးများသည် ဝင်ချည်ထွက်ချည်ဖြင့် အလုပ်ရှုပ်နေကြသည်။ ခန်းမဆောင်အတွင်းမှ သင်ပုန်းကြီးပေါ်တွင် ဒီဇင်ဘာလ ၆ ရက်၊ ယမန်နေ့ နံနက် ၁၀ နာရီ မိနစ် ၃၀ က ပုလဲဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် အမေရိကန်စစ်သင်္ဘောများ၏ အနေအထားကို အသေးစိတ်ပုံဆွဲ ပြထားသည်။ ပြီးနောက် ရာသီဥတုနှင့် ပတ်သက်၍ နောက်ဆုံးရရှိသည့် သတင်းများကို လေ့လာကြသည်။ ဤမိုးလေဝသ နောက်ဆုံးသတင်းအရ ဟာဝေယံကျွန်းသို့ လေယာဉ်ဖြင့် အသွားအပြန် အချိန် မည်မျှကြာမည်ကို တွက်ချက်ကြသည်။

အမှန်စင်စစ် ပုလဲဆိပ်ကမ်းရှိ အမေရိကန် စစ်သင်္ဘောများ ဆိုက်ကပ်ထားသည့် အနေအထားကို သူတို့အားလုံး 'အလွတ်' ရနေကြပြီ ဖြစ်သည်။ သူတို့သည် ဟိုနိုလူလူမြို့မှ ဂျပန်သူလျှိုများ၏ လျှို့ဝှက်သတင်းပေးချက်များအရ ပုလဲဆိပ်ကမ်းတွင် အမေရိကန်စစ်သင်္ဘောများ မည်သို့ မည်ပုံဆိုက်ကပ်ထားကြသည်ကို အသေးစိတ် အတိအကျ သိပြီးဖြစ်နေကြသည်။

ထိုမျှမက ထိုသို့ အမေရိကန်စစ်သင်္ဘောများ ဆိုက်ကပ်ထားသည့် အနေအထားကို ပုံစံငယ်များပြုလုပ်ကာ တကယ့်တိုက်ပွဲဝင်သည့်အခါ မည်သည့် သင်္ဘောကို မည်သူက မည်သို့ ဖုံးကြဲတိုက်ခိုက်ရမည်။ မည်သူက တိုပီတိုဖြင့် ပစ်ခတ်ရမည်။ မည်သူက စက်သေနတ်ဖြင့် ပစ်ခတ်ရမည် ... စသည်များကို ရက်ရှည်လများ 'အစမ်းတိုက်ပွဲ' လေ့ကျင့်ခဲ့ကြပြီး ဖြစ်သည်။

သို့ဖြစ်၍ ယနေ့ ဒီဇင်ဘာ ၇ ရက် နံနက် တိုက်ပွဲဝင်ရန် ထွက်ခွာရမည့် အချိန်တွင် သူတို့အားလုံး၏ မျက်စိထဲတွင် ပုလဲဆိပ်ကမ်း၏ အနေအထားကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီး မြင်နေခဲ့ကြပြီး ဖြစ်သည်။

mgyoe.com

mgyoe.com


လေယာဉ်မှူးများအတွက် အရေးအကြီးဆုံးအမိန့်မှာ တိုက်ခိုက်ရေး တပ်ဖွဲ့ခေါင်းဆောင် ဖူချီဒါမှတစ်ပါး မည်သူမှ တိုက်ပွဲ မစတင်မီ မိမိတို့ ရေဒီယို အသံဖမ်းစက်ကို အသုံးမပြုရဟူ၍ပင် ဖြစ်သည်။

အရှေ့ဆီမှ ရောင်နီလာချိန်မှာပင် လေယာဉ်မှူးများ စတင်ထွက်ခွာရန် ပြင်ဆင်ကြသည်။ အရာခံဗိုလ် ယူနီဖောင်း အသစ်စက်စက်ကြီးကို ဝတ်ထားသော အီပီဂိုတို၊ ဘော့စ်ဘောကစားနည်းကို အလွန်ဝါသနာပါသော ဖူဆာတာ၊ ကဗျာဆန်လှသော ဆူဇူကီး၊ လမ်းခရီးတစ်လျှောက် ဘယ်သူမှ မရိပ်မိအောင် တိတ်တိတ်ကလေး နှုတ်ခမ်းမွေးထားလာခဲ့သော မတ်ဆူမူရာ၊ သူတို့အားလုံး တစ်ယောက်ပြီးတစ်ယောက် လေယာဉ်ပေါ်သို့ တက်သွားကြသည်။

တပ်ဖွဲ့ခေါင်းဆောင် ဖူချီဒါ၏ လေယာဉ်မှာ အမြီးပိုင်းတွင် အနီနှင့် အဝါရောင်အစင်းများဖြင့် ဆေးခြယ်ထားသည်။ ထိုလေယာဉ်ပေါ်သို့ ဖူချီဒါ အတက်တွင် သင်္ဘောသားများ၏ ခေါင်းဆောင်အကြီးအကဲဖြစ်သူက အထူး ချုပ်လုပ်ထားသော 'ဟာချာမာကီ' ခေါင်းစည်းပဝါတစ်ခု လက်ဆောင် လှမ်းပေးသည်။

"ဒါ ကျွန်တော်တို့ သင်္ဘောသားတွေရဲ့လက်ဆောင်ပါ၊ ဒီလက်ဆောင်ကို ပုလဲဆိပ်ကမ်းထိအောင် ယူသွားစေချင်ပါတယ် ..."

အာကာဂီ သင်္ဘော၏ စက်ခန်းမှ တာဝန်ခံအရာရှိ တန်ဘိုသည် သက်ဆိုင်ရာမှ ခွင့်ပြုချက်အရ အလွန်ထူးခြားသည့် အဖြစ်အပျက်ကြီးကို ကြည့်ရှုရန်အတွက် စက်ခန်းထဲမှ ကမန်းကတန်း ပြေးထွက်လာပြီး ကုန်းပတ်ပေါ်သို့ ကတိုက်ကရိုက်ပြေးတက်လာခဲ့သည်။ ဤသည်မှာ ခရီးလမ်း တစ်လျှောက်လုံး သူတာဝန်ကျနေသည့် စက်ခန်းထဲမှ ပထမဆုံးအကြိမ် အပြင်ထွက်ခြင်း ဖြစ်သည်။

လေယာဉ်များ ပျံသန်းထွက်ခွာမည့် ကုန်းပတ်ပေါ်တွင်မူ အပြန် အလှန် အော်ဟစ်နှုတ်ဆက်သံများ၊ လက်များဝှေ့ယမ်း၍ ကြွေးကြော် ဆု တောင်းသံများဖြင့် ဆူညံနေတော့သည်။ ရှိုကာကု သင်္ဘောမှ ဆရာဝန် ပေါက်စကလေး အီဘီနာမှာ လေယာဉ်စက်သံများ ဆူဆူညံညံဖြင့် မြန်

mgyoe.com

mgyoe.com

သည်ထက်မြန်လာပြီး အိတ်ဇောပိုက်မှ မီးခိုးများ တအားထွက်လာနေသည်ကို ကြည့်ကာ စိတ်လှုပ်ရှားလွန်းလှသဖြင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်နေသည်။

လူအားလုံးတို့၏ မျက်လုံးအစုံများသည် စတင်ပျံသန်းရန် အချက်ပေးမည့် အာကာဂီသဘော်ကြီးဆီသို့ လှမ်းမျှော်ကြည့်နေကြသည်။ မိုင်ပေါင်း ၂၃၀ အကွာမှ ပုလဲဆိပ်ကမ်းရှိ အမေရိကန်ရေတပ်စခန်းကို ချေမှုန်းတိုက်ခိုက်မည့် ဂျပန်လေယာဉ်ကြီးသည် အသင့်ရှိနေလေပြီ။

နံနက် ၆ နာရီတိတိ။

အချက်ပြအလံများသည် အာကာဂီသဘော်ကြီး၏ အလံတိုင်ထိပ်ဖျားသို့ တလွင့်လွင့် တက်လာပြီး ရုတ်တရက်ချက်ချင်းအောက်သို့ ပြန်ကျသွားသည်။ စတင်ပျံသန်းရန် အချက်ပြလိုက်ပြီ ...။

လေယာဉ်များသည် ကုန်းပတ်ပေါ်မှ လေယာဉ်ပြေးလမ်းကြောင်းအတိုင်း တစ်စင်းပြီးတစ်စင်း ဝေါခနဲ ဝေါခနဲ ထွက်ခွာပျံသန်းသွားကြသည်။ ကုန်းပတ်ပေါ်မှ တအားကုန်အော်ဟစ် နှုတ်ဆက်သံများနှင့် ကြွေးကြော်အားပေးသံများသည် နားကွဲလုမတတ် ဆူညံလှသည့် လေယာဉ်စက်သံများအောက်တွင် နစ်မြုပ်သွားကြသည်။

× × ×

ဖျက်သဘော် ဝါ့ဒ်သည် အောက်တားဘရစ်၏ အမိန့်အရ စက်ကုန်ဖွင့်၍ မောင်းနှင်လျက်ရှိသည်။

"ဘယ်ဘက်ကို လှည့်"

ပဲ့ကိုင်သဘော်သား ရာယန်းဘစ်သည် အရာရှိ အောက်တားဘရစ်၏ အမိန့်အတိုင်း သဘော်ကို လက်ဝဲဘက်သို့ ဦးလှည့်လိုက်သည်။ သဘော်သည် ရေပြင်ပေါ်မှ မှန်ပြောင်းထိပ်ဖျားကလေးနှင့် တွဲသမွှန်အကြားဆီသို့ ဦးတည်ခုတ်မောင်းလျက် ရှိသည်။ ဝါ့ဒ်သဘော်ဦးနှင့် မှန်ပြောင်းထိပ်ဖျားကလေးမှာ ယခုအခါ ကိုက် ၄၀၀ ခန့်သာ ဝေးတော့သည်။

mgyoe.com

mgyoe.com


ဤအခိုက်အတန့်မှာပင် ရိက္ခာသင်္ဘော အင်တဲရီးစ်သည် အခြေအနေကို ရိပ်မိသွားဟန်တူသည်။ အချက်ပြမီးများ တဖျပ်ဖျပ်လင်းလာပြီး "မိမိတို့နောက်သို့ ရေငုပ်သင်္ဘောတစ်စင်း လိုက်နေသည်ဟု ယူဆရကြောင်း" သတင်းပို့လိုက်သည်။ ချက်ချင်း ဆိုသလိုပင် သူတို့ခေါင်းပေါ်ရှိ ကင်းထောက်ဗုံးကြဲ လေယာဉ်ပေါ်မှ မီးခိုးဗုံးနှစ်လုံး အောက်သို့ ပစ်ချလိုက်သည်။ ဤသည်မှာ ရေငုပ်သင်္ဘောရှိသည့် နေရာကို ညွှန်ပြလိုက်ခြင်း ဖြစ်သည်။

သို့သော် ဝါ့ဒ်သင်္ဘောအတွက် ထိုသို့ ညွှန်ပြနေစရာ မလို။ အဘယ်ကြောင့်ဆိုသော် ရေငုပ်သင်္ဘောမှာ ဝါ့ဒ်၏ လက်ယာဘက်တည့်တည့်တွင် ရှိနေသောကြောင့် ဖြစ်သည်။ ရေငုပ်သင်္ဘောမှာ အရှိန်ဖြင့် ခုတ်မောင်းနေပြီး မှန်ပြောင်းထိပ်ဖျားကလေးမှာ ရေပေါ်တွင် နှစ်ပေခန့်ပင် ပေါ်နေသည်ကို တွေ့ ရသည်။

သို့သော် ထူးဆန်းသည်ဟု ဆိုရမည့် အချက်မှာ ယခုအချိန်အထိ ရေငုပ်သင်္ဘောသည် ဝါ့ဒ်ကို မြင်ဟန်မတူသေးခြင်းပင် ဖြစ်သည်။ ၎င်းသည် အင်တဲရီးစ် သင်္ဘောနောက်သို့သာ အဆက်မပြတ်မဲ၍ လိုက်နေသည်ကို တွေ့ရသည်။

ဝါ့ဒ်သည် ရေငုပ်သင်္ဘောနှင့် ကိုက် ၁၀၀ သာ ဝေးတော့သည်။

"စပစ်"

အောက်တားဘရစ်က အမိန့်ပေးလိုက်သည်။ အမှတ် ၁ အမြောက်မှ အမြောက်သံသည် တိတ်ဆိတ်နေသော ပုလဲဆိပ်ကမ်း၏ နံနက်ခင်းကို ဖောက်ထွင်းသွားခဲ့သည်။ အမြောက်ဆန်သည် မှန်ပြောင်းထိပ်ဖျားကိုကျော်၍ ခပ်လှမ်းလှမ်းမှ ရေထဲသို့ကျသွားသည်။ နံနက် ၆ နာရီ ၄၅ မိနစ်တိတိ ....။

နောက်စက္ကန့် ၃၀ အကြာတွင် အမှတ် ၃ အမြောက်မှတစ်ချက် ထပ်ပစ်ပြန်သည်။ အကွာအဝေးမှာ ကိုက် ၅၀ မျှသာရှိ၍ မှန်ပြောင်းထိပ်ဖျားပေါ်နေသည့် နေရာတစ်ပိုက်သို့ အမြောက်ဆန်ထိမှန်သွားသည်။ ရေငုပ်သင်္ဘောမှာ သွက်သွက်ခါ သွားသည်။ သို့သော် အရှိန်မပျက်သွားနေဆဲပင် ဖြစ်သည်။

mgyoe.com

mgyoe.com

ကောင်းကင်မှ ကင်းထောက် ဖုံးကြဲလေယာဉ်မှာလည်း ဗျာများ လျက်ရှိနေသည်။

"ဤခံစစ်နယ်မြေ ပင်လယ်ပြင်အတွင်း သက်ဆိုင်ရာမှ ခွင့်ပြုချက် မရရှိဘဲ သွားလာနေသည့် ရေငုပ်သင်္ဘောမှန်သမျှကို ဖုံးကြဲ၍ နှစ်မြှုပ်ပစ် ရမည်"။

ဤသည်မှာ အထက်အရာရှိကြီးများ၏ တစ်ချက်လွှတ် အမိန့်ဖြစ် သည်။ လေယာဉ်ပေါ်မှ လေယာဉ်မှူးတန်းနားသည် အောက်သို့ ငုံ့ကြည့် လိုက်ရာ ရေငုပ်သင်္ဘောအား ဝါ့ဒ်က အမြောက်ဖြင့် လှမ်းထုနေသည်ကို မြင်ရသည်။ သို့ဖြင့် သူကိုယ်တိုင်လည်းပါလာသည့် ဖုံးတချို့ကို ကြဲချ လိုက်သည်။

ထိုသို့ အမြောက်ဆန်ဖုံးဆန်များ ပေါက်ကွဲနေသည်ကို ကီယိုဆန် ကွာ သင်္ဘောပေါ်မှ လူများက ခပ်ပေါ့ပေါ့၊ ခပ်အေးအေးပင် လှမ်းကြည့်နေ ကြသည်။ ဤသင်္ဘောမှာ ပုလဲဆိပ်ကမ်းအပြင်ဘက် နှစ်မိုင်ခန့်အကွာတွင် ရောက်နေခြင်းဖြစ်သည်။ သင်္ဘောပေါ်ရှိ သင်္ဘောသားအားလုံးကဲ့သို့ပင် အင်ဂျင်နီယာ ဘလက်မိုး ကိုယ်၌ကလည်း ဤပစ်ခတ်မှုများမှာ နံနက်စော စော 'လက်တွေ့လေ့ကျင့်ခန်း' ဆင်းနေကြခြင်း ဖြစ်သည်ဟု ထင်နေသည်။

ဝါ့ဒ်သင်္ဘောမှ အရာရှိ ဂိုးပနား၏ စိတ်ထဲတွင်မူ သည့်ထက်သည် ပို၍ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်နေမိသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့ အမြောက်ဖြင့် လှမ်းပစ်ခဲ့သော ရေငုပ်သင်္ဘောမှာ အမေရိကန် ရေငုပ် သင်္ဘောပင်ဖြစ်လိမ့်မည်ဟု ယူဆမိသောကြောင့် ဖြစ်သည်။

အလားတူ ကင်းထောက်ဖုံးကြဲ လေယာဉ်ပေါ်မှ လေယာဉ်မှူးတန်း နားကလည်း သည်အတိုင်းပင် ထင်မိသည်။ သူနှင့် သူ့လက်အောက်မှ လက် ထောက်လေယာဉ်မှူး ဂရီးဗေးတို့သည် 'အမိန့်ဟာ အမိန့်ပဲ'ဟူ၍ တစ် ယောက်နှင့်တစ်ယောက် ပြောခဲ့မိကြသေးသည်။ သို့သော် အကယ်၍ မိမိ အတွက် မှားခဲ့ပါက သက်သာမည် မဟုတ်ကြောင်းကိုလည်း ကောင်းကောင်း ကြီး သိထားသည်။ သည်အတိုင်းဆိုလျှင် စစ်ခုံရုံး ရောက်မည်မှာ မုချပင် ဖြစ်၍ သူ့တစ်သက်လုံး မသေမချင်း သူ့အား အမေရိကန် ရေငုပ်သင်္ဘော

mgyoe.com

mgyoe.com


ကို မြုပ်ပစ်သူအဖြစ် 'တံဆိပ်ကပ်' ခံရမည်မှာ သေချာလှသည်။

သို့ဖြင့် ကင်းထောက်တာဝန် ပြီးဆုံးသွားသည်နှင့် တစ်ပြိုင်နက် လေယာဉ်မှူးတန်းနားသည် ကနိုးဟီး ရေကြောင်းဘက်ဆိုင်ရာ လေတပ်စခန်းသို့ အဖြစ်အပျက်ကို ပွင့်ပွင့်လင်းလင်း သတင်းပို့ခဲ့ပြီး အလုပ်အဖြုတ်ခံရမည့်နေ့ကိုသာ စောင့်နေခဲ့မိသည်။

အောက်တားဘရစ် တစ်ယောက်သာလျှင် သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝ ရှိနေခဲ့သည်။ သို့ဖြစ်၍လည်း သူသည် နောက်ထပ်သတင်းပို့ရန် အမြန်စီစဉ်ခဲ့သည်။ ၆ နာရီ ၅ မိနစ်တိတိတွင် ရေကြောင်းဘက်ဆိုင်ရာ အမှတ် ၁၄ နယ်မြေရုံးသို့ သတင်းပို့လိုက်သည်။ သူ့သတင်းမှာ ... 'ခံစစ်နယ်မြေဖြစ်သော ပင်လယ်ရေပြင်တွင် လှုပ်ရှားနေသည့် ရေငုပ်သင်္ဘောတစ်စင်းအား တိုက်ခိုက်ခဲ့သည်၊ ပစ်ခတ်ခဲ့သည်၊ ဗုံးကြဲ၍ နှစ်မြုပ်ခဲ့သည်...' ဟူ၍ ဖြစ်သည်။ ဤနေရာ၌ 'ပစ်ခတ်ခဲ့သည်' ဟူသော စကားလုံးကို အလေးအနက်ထား၍ သုံးခဲ့သည်။ သို့ဖြင့် မိမိတို့ဘက်က အမြောက်ကို အသုံးပြုခဲ့ကြောင်း သိနိုင်မည် ဖြစ်သည်။ ယုတ်စွအဆုံး မိမိတို့သည် တစ်စုံတစ်ခုသော အရာကို မြင်တွေ့ခဲ့ကြောင်း အထက်လူကြီးများ သိနိုင်မည် ဖြစ်သည်။

သို့တိုင်အောင် အောက်တားဘရစ်သည် လုပ်ငန်းတာဝန်ကို အခြေအနေနှင့် ကိုက်ညီအောင် လုပ်ဆောင်ကျင့်သုံးခြင်း မရှိဟု ဆိုရမည်ဖြစ်သည်။ အမှန်စင်စစ် ယခုကဲ့သို့ အရေးပေါ်ကိစ္စရပ်များနှင့် သေရေးရှင်ရေး အချိန်လု၍ လုပ်ရသည့် အခါမျိုး၌ အထက်ဖော်ပြပါ သတင်းမျိုးကို စကားဝှက်များဖြင့် မပို့ဘဲ ရိုးရိုးသာမန် စကားလုံးများဖြင့်သာ ပို့သင့်သည်။ သို့မှသာ ဤသတင်းကို လက်ခံရရှိသူအဖို့ တစ်စုံတစ်ရာ ခက်ခဲပင်ပန်းမှု မရှိဘဲ ချက်ချင်းနားလည်နိုင်မည် ဖြစ်သည်။ သို့ဖြင့် အချိန်မကုန်ဘဲ ရုတ်တရက်ဆောင်ရွက်စရာ ရှိသည်များကို အမြန်ဆုံး ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် သူသည် ဤသတင်းကို အချက်ပြ မီးရောင်ဖြင့် ဆိပ်ကမ်းကြီးကြပ်ရေး မျှော်စင်သို့လည်း ပေးပို့သင့်သည်။ ထိုမှတစ်ပါး ဤသတင်းနှင့် ပတ်သက်၍ သည့်ထက်သည် ပိုမိုစိတ်ဝင်စားဖွယ်ရာ အချက်အလက်များကို ထည့်သွင်းဖော်ပြသင့်သည်။

mgyoe.com

mgyoe.com

မည်သို့ပင်ဖြစ်စေ ဝါ့ဒ်သဘော်မှ တာဝန်ခံအရာရှိ အောက်တားဘာရစ်သည် တစ်စုံတစ်ခုသော အလုပ်ကို ထူးထူးခြားခြား လုပ်ခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ ထူးထူးခြားခြား လုပ်ခဲ့သည်မှာ အခြားမဟုတ်၊ ပုလဲဆိပ်ကမ်းရှိ ရေတပ်ကြီးတစ်ခုလုံး လာမည့်ဘေးကို မတွေးမိကြဘဲ အေးအေးဆေးဆေး အမှတ်တမဲ့ ရှိနေခိုက် မိမိတစ်ဦးတည်းက စတင်၍ အမြောက်သံဖြင့် တပ်လှန့်နှိုးလိုက်ခြင်းပင် ဖြစ်သည်။

❑

mgyoe.com

mgyoe.com

## နှစ် - လေး - ခြောက် - ရှစ် ...
## (နံနက် ၇ နာရီမှ ၇ နာရီ ၄၅ မိနစ်)

ယနေ့နံနက်ခင်းသည် အိုအာဟူကျွန်း၏ မြောက်ဘက်စွန်း ကာဟူကူ အငူအနီးတွင် တပ်မတော်မှ ချထားသည့် အိုပင်နာရေဒါစခန်းအတွက် ပျင်းရိငြီးငွေ့ဖွယ်ရာ နံနက်ခင်းတစ်ခုပင် ဖြစ်နေသည်။

ခါတိုင်းဆိုလျှင် ဤရေဒါစခန်း၌ တာဝန်ကျနေကြသော တပ်သား ဂျိုးဇက်နှင့် ဂျော့တို့သည် သူတို့ တာဝန်ယူကြရသည့် နံနက် ၄ နာရီမှ ၇ နာရီအတွင်း လေယာဉ် ၂၅ စင်းခန့်အမြဲလိုလို အဆက်အသွယ်ရကြစမြဲ ဖြစ်သည်။ သို့သော် ဤတနင်္ဂနွေနေ့တွင်မူ ဘယ်လေယာဉ်နှင့်မှ အဆက်အသွယ်မရဘဲ ပျင်းစရာကောင်းနေခဲ့သည်။

အဆိုပါ အိုပင်နာရေဒါစခန်းမှာ ပုလဲဆိပ်ကမ်း တည်ရှိရာ အိုအာဟူကျွန်း၏ လေကြောင်းပိုင်နက်အတွင်း စစ်ရေးအချက်အချာကျသည့် နေရာများ၌ ထားရှိသည့် စခန်းငါးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ ဤစခန်း ငါးခုမှနေ၍ ရွှေ့ပြောင်းသယ်ယူနိုင်သည့် ရေဒါကိရိယာများကို အသုံးပြုကာ ရန်သူ့လေယာဉ်များ အလစ်ဝင်ရောက်လာပါက အချိန်မီ ကြိုတင် သိရှိအောင် နေ့စဉ်စောင့်၍ ကြည့်ကြရသည်။

ဤရေဒါများ၏ အစွမ်းဖြင့် မိုင် ၁၅၀ အတွင်း ပျံသန်းနေသော

mgyoe.com

mgyoe.com

မည်သည့်လေယာဉ်မဆို အချက်ပြကိရိယာများတွင် ဖမ်းယူကြည့်ရှုနိုင်ကြသည်။ သို့သော် ဤရေဒါစခန်းများတွင် တာဝန်ကျသူများမှာ များသောအားဖြင့် ထူးထူးထွေထွေ လုပ်စရာအလုပ် မရှိကြဘဲ ရေဒါကိရိယာကိုင်တွယ်အသုံးပြုနည်းများကို သင်ကြားပေးခြင်း၊ ကိရိယာများကို ပြင်ဆင်ခြင်း စသည်တို့ဖြင့်သာ အချိန်ကုန်ခဲ့ကြသည်။

ယခင်ကဆိုလျှင် ရေဒါစခန်းများတွင် တာဝန်ကျသူများသည် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ အလုပ်ဆင်းခဲ့ကြရသည်။ သို့သော် နိုဝင်ဘာလ ၂၇ ရက်နေ့က ဝါရှင်တန်ဌာနချုပ်မှ ထုတ်ပြန်ခဲ့သည့် 'စစ်ရေးသတိပေးချက်အရ' နံနက် ၄ နာရီမှ ၇ နာရီအတွင်း အလုပ်ချိန် ပြောင်းခဲ့ကြသည်။ ဟာဝေယံ စစ်ဌာနချုပ်၏ တာဝန်ခံ ဗိုလ်ချုပ်ကြီး ရှော့က ဤအချိန်သည် အရေးအကြီးဆုံးအချိန် ဖြစ်သည်ဟု ယူဆသောကြောင့် ဖြစ်သည်။

ထိုသို့ နံနက် ၄ နာရီမှ ၇ နာရီအထိ တာဝန်ကျပြီးနောက် နေ့ ၁၁ နာရီအထိ လူသစ်များအား ရေဒါကိရိယာ ကိုင်တွယ်အသုံးပြုနည်းများကို သင်ကြားပေးလေ့ရှိကြသည်။ သို့သော် တနင်္ဂနွေနေ့များတွင်မူ သတ်မှတ်ထားသည့် အလုပ်ချိန်အတိုင်း နံနက် ၄ နာရီမှ ၇ နာရီအထိသာ အလုပ်ဆင်းပြီး ၇ နာရီထိုးသည်နှင့် တစ်ပြိုင်နက် အလုပ်သိမ်းတတ်ကြသည်။

ရေဒါစခန်း ငါးခုအနက် အထက်ပါ အိုပင်နာစခန်းမှာ အလှမ်းအဝေးဆုံးနှင့် ချောင်အကျဆုံး နေရာတွင်ရှိ၍ ပျင်းစရာအကောင်းဆုံးဖြစ်သည်။ ဤစခန်းအတွက် အလှည့်ကျတာဝန်ယူရသည့် တပ်သား ခြောက်ယောက်သည် ကမ်းရိုးတန်းအောက်ဘက် ၉ မိုင်ခန့်ဝေးသည့် ကာဝေအိုလာအမည်ရှိ ဒေသတွင် စခန်းတစ်ခု ပြုလုပ်ကာ ထိုနေရာမှ အိုပင်နာ ရေဒါစခန်းသို့ နေ့စဉ် ကားဖြင့် သွားရောက်၍ အလုပ်ဆင်းကြရသည်။

ခါတိုင်းဆိုလျှင် သူတို့သည် သုံးယောက်တစ်တွဲ အလှည့်ကျ နေ့စဉ်တာဝန်ယူလေ့ရှိကြသည်။ သို့သော် ယနေ့ တနင်္ဂနွေနေ့တွင်မူ နှစ်ယောက်သာလျှင် အလုပ်ဆင်းရန် စီစဉ်ခဲ့ကြသည်။ ထို နှစ်ယောက်တွင် ဂျိုးဇက်က တာဝန်ခံအဖြစ် ဆောင်ရွက်၍ ရော့က အချက်ပြကိရိယာကို ကြည့်ရန်နှင့် မော်တာမောင်းရန် တာဝန်ခွဲဝေ သတ်မှတ်ထားကြသည်။ ခါတိုင်း မော်တာ

mgyoe.com

မောင်းသူမှာ ယနေ့တပ်မှာပင် နေရစ်ခဲ့သည်။

သူတို့နှစ်ယောက်သည် ရေဒါစခန်းသို့ ဒီဇင်ဘာ ၆ ရက်နေ့ မွန်းတည့် ၁၂ နာရီကပင် ရောက်လာခဲ့ကြသည်။ သူတို့တာဝန်မှာ ထိုနေ့ တစ်နေ့လုံးနှင့် တစ်ညလုံး ရေဒါကိရိယာကို စောင့်ရှောက်ရန်နှင့် နောက်တစ်နေ့ ဒီဇင်ဘာ ၇ ရက်နေ့တွင် နံနက် ၄ နာရီမှ ၇ နာရီအထိ ရေဒါကိရိယာကို ဖွင့်၍ လေယာဉ်များကို စောင့်ကြည့်ရန်ဖြစ်သည်။ သူတို့၏ လုံခြုံရေးအတွက် လိုအပ်လျှင် အသုံးပြုရန် ပိုင့် ၄၅ ပစ္စတိုတစ်လက်နှင့် ကျည်ဆန် ၇ တောင့် ပါလာခဲ့သည်။

ယနေ့ နံနက် ၃ နာရီ ၄၅ မိနစ်တွင် အိပ်ရာမှ ထကြပြီး ၄ နာရီတိတိတွင် ရေဒါကို ဖွင့်၍ အလုပ်စကြသည်။ သုံးနာရီလုံးလုံး စောင့်ကြည့်ကြရမည် ဖြစ်သည်။

၆ နာရီ ၄၅ မိနစ်တွင် လေယာဉ်နှစ်စင်း ဝင်လာသည်ကို အချက်ပြ က်ိရိယာထဲ၌ တွေ့မြင်ကြရသည်။ အချက်ပြကိရိယာများအရ ဤလေယာဉ်နှစ်စင်းသည် အရှေ့မြောက်ဘက် မိုင် ၁၃၀ အကွာမှ ပျံသန်းလာကြကြောင်း သိရသည်။ သည့်နောက်ပိုင်းတွင် ဘာတစ်ခုမှ ထူးထူးခြားခြား မတွေ့ရတော့ဘဲ ရှိနေခဲ့သည်။

သို့ဖြစ်ရာ သက်ဆိုင်ရာ ဗဟို သတင်းစုဆောင်းရေးဌာနမှ သူတို့နှစ်ယောက်အား ၆ နာရီ ၄၅ မိနစ်တိတိတွင် အလုပ်သိမ်းရန် အချိန်ကျပြီဖြစ်ကြောင်း တယ်လီဖုန်းဖြင့် လှမ်းပြောသည်ကို ကြားရသောအခါ ဂျိုးဇက်နှင့် ရော့တို့မှာ ထူးထူးထွေထွေ အံ့ဩမနေတော့ဘဲ ရေဒါကိရိယာကို သိမ်းရန်သာ စီစဉ်ကြတော့သည်။

ယနေ့ နံနက်တွင် ဗဟို သတင်း စုဆောင်းရေးဌာန၌ တာဝန်ကျသည့် အရာရှိမှာ ဗိုလ်ကလေး တိုင်လာပင်ဖြစ်သည်။ တနင်္ဂနွေနေ့ ဖြစ်သဖြင့် ဌာနတစ်ခုလုံးတွင်မှ မိမိတစ်ယောက်တည်း တာဝန်ကျနေသည်ဖြစ်ရာ တိုင်လာမှာ ရုံးခန်းထဲတွင်ထိုင်၍ တစ်နံနက်ခင်းလုံး ပျင်းစရာကောင်းအောင် အချိန်ဖြုန်းနေခဲ့ရသည်။ ခါတိုင်းနေ့များတွင်မူ ဤရုံးခန်းမှာ ရေဒါစခန်း ငါးခုစလုံးမှလာသော သတင်းများကို စောင့်၍ နားထောင်ကြရင်း ရှိသမျှ